**မြဝတီ နေ့စဉ်**

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာ ဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့် ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၇၀)

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၂၇ ရက်၊ သောကြာနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့၌ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)သို့ တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် ဇွန် ၂၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့ရှိ Minsk International Exhibition Center BELEXPO ၌ကျင်းပသည့် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ်(EEF 2025)ကို "ဥရောပ-အာရှ စီးပွားရေးပေါင်းစည်းညီညွတ်ရေး မဟာဗျူဟာ-ရလဒ်များနှင့်အလားအလာများ"

**စာမျက်နှာ ၁၆ ကော်လံ ၁** ✭




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၂၇ ရက်)

# စိုက်ပျိုးမွေးမြူရေးအလေးထားဆောင်ရွက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နိုင်သည့်နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးထုတ်ကုန်များမှာ ပြည်သူတို့နေ့စဉ်စားသုံးနေရသည့်အာဟာရများဖြစ်ပြီး မရှိမဖြစ်ပစ္စည်းများလည်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထုတ်ကုန်များနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံများတွင်လူဦးရေများပြားသောနိုင်ငံများရှိသည့်အတွက်ကြီးမားသောဈေးကွက်ရှိထားပြီးဖြစ်သည်။ ကုန်ထုတ်လုပ်မှုစွမ်းအားကိုမြှင့်တင်ခြင်းဖြင့် နိုင်ငံအတွက်ပြည်ပဝင်ငွေများရရှိလာနိုင်မည်ဖြစ်သည်။ မည်သည့်ထုတ်ကုန်ပစ္စည်းမဆို ကောင်းမွန်သောအရည်အသွေး၊ သန့်ရှင်းသပ်ရပ်သောထုပ်ပိုးမှုဖြင့်ထုတ်လုပ်မည်ဆိုပါက ဈေးကွက်တွင်ကျယ်လာမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးဦးတည်ချက်များချမှတ်ရာတွင် “တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး”ဟူသောဦးတည်ချက်ကိုချမှတ်ကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပိုမိုတိုးတက်အောင်မြင်ရေးကို ရှေးရှုဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်နေသည့်အတိုင်းလည်း အောင်မြင်မှုများရရှိနေပြီဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ရွှေပြည်စိုက်ပျိုးမွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇွန်လ ၂၁ ရက်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ ၎င်းစိုက်ပျိုးမွေးမြူရေးဇုန်တွင် စိုက်ပျိုးမွေးမြူရေးဇုန်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဥစားကြက်များကို Fully automatic မွေးမြူထားရှိမှုနှင့် ဆက်လက်တိုးချဲ့မွေးမြူနိုင်ရေး၊ အအေးပေးစနစ်ဖြင့် အသားတိုးဝက်မွေးမြူထားရှိမှုနှင့် ဝက်သားပေါက်ထုတ်လုပ်ရေး၊ အစေ့ထုတ်ပြောင်းမျိုးသစ်စိုက်ပျိုးထုတ်လုပ်မှု၊ တိရစ္ဆာန်အစာစပ် စက်ရုံတည်ဆောက်နေခြင်းနှင့်အတူ အထွက်တိုးပြောင်းမျိုးစေ့ စိုက်ပျိုးထုတ်လုပ်နိုင်ရေးစသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြမှုများအပေါ် **“စိုက်ပျိုးမွေးမြူရေးဇုန်မှထွက်ရှိသည့် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့်ဟင်းသီးဟင်းရွက်များကို ဈေးကွက်အတွင်းသို့ လတ်ဆတ်စွာဖြင့်ရောင်းချပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်သွားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်နေရခြင်းမှာ တိုင်းဒေသကြီးအတွင်းရှိ လူဦးရေ ၇ သန်းကျော်အတွက် နေ့စဉ် အသား၊ ငါး၊ ဥအမျိုးမျိုးနှင့် ဟင်းသီးဟင်းရွက်စားသုံးမှုလိုအပ်ချက်ကို ပြည့်မီစေရန်ဖြစ်ကြောင်း၊ လူဦးရေ ၇ သန်းကျော်၏ နေ့စဉ်အသားစားသုံးမှုလိုအပ်ချက်ကို စနစ်တကျဖြင့် တွက်ချက်ထားရှိရန်လိုပြီး ဇုန်အလိုက်လိုလားချက်ပြည့်မီအောင် စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနိုင်ရန်လိုကြောင်း”** စိုက်ပျိုးမွေးမြူရေးဆိုင်ရာလမ်းညွှန်ချက်များကို မှာကြားခဲ့သည်။

မြန်မာနိုင်ငံဒေသအများအပြားတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ အခြေခံစားကုန်များကို ဖူလုံပေါများစွာဖြင့် စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနိုင်မည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုများကိုလည်း လျော့ကျသွားစေမည်ဖြစ်သည်။ နေ့စဉ်စားသုံးမှုအတွက် အသား၊ ငါးနှင့် ဥများလိုအပ်သည်။ ထုတ်လုပ်မှုနှင့်စားသုံးမှုမျှတမှသာ သင့်တင့်သည့်ဈေးနှုန်းများဖြစ်လာပေမည်။ ထို့ကြောင့် အသား၊ ငါးနှင့်ဥများကို ထုတ်လုပ်မှုနှင့်စားသုံးမှုမျှတအောင် ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထို့အတူ အသီးအနှံများကိုလည်း မိမိတို့ဒေသများအတွင်း ပေါများနေအောင် စိုက်ပျိုးကြရမည်ဖြစ်သည်။ ဒေသအလိုက် မီးဖိုချောင်သုံးသီးနှံများကိုလည်း လုံလောက်စွာစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းဖြင့် ဒေသတွင်းနေထိုင်သည့် ပြည်သူများဈေးနှုန်းသင့်တင့်စွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် အသား၊ ငါး၊ ဥနှင့်ဟင်းသီးဟင်းရွက်များကို စားသုံးသူများလက်ဝယ်သို့ အမြန်ဆုံးရောက်ရှိစေခြင်း၊ ဈေးကွက်အတွင်းသို့ အလျင်အမြန်ဖြန့်ဖြူးရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ခြင်းတို့မှာ ပြည်သူများ ဖောဖောသီသီစားသုံးနိုင်ရေး ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အဓိကအားဖြင့် အထွက်နှုန်းများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အနေဖြင့် သဘာဝကပေးသော မြန်မာနိုင်ငံ၏ရေမြေရာသီဥတုအခြေအနေများကိုအကျိုးရှိရှိအသုံးချပြီး စိုက်ပျိုးမွေးမြူရေးကိုအလေးထားဆောင်ရွက်ကာ အခြေခံစားကုန်များဖူလုံပေါများအောင် ဆောင်ရွက်လျက်ရှိပါကြောင်းရေးသားတင်ပြလိုက်ရပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပမည်

ထားဝယ် ဇွန် ၂၆

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရွှေဝယ်သီရိမိုးလုံလေလုံအားကစားခန်းမ၌ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၁၀ မြို့နယ်က ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဇွန်လ ၂၇ ရက်မှ ဇူလိုင်လ ၁ ရက်အထိ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြိတ်၊ ထားဝယ်၊ ရေဖြူ၊ သရက်ချောင်း၊ လောင်းလုံး၊ ကျွန်းစု၊ ပုလော၊ တနင်္သာရီ၊ ဘုတ်ပြင်းနှင့်ကော့သောင်းစသည့် ၁၀ မြို့နယ်တို့မှ အားကစားအသင်းများ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

(၄၁၂)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ၂၀၂၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဆင်ယင်ရှုမဝသုံးရာသီအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကျင်းပ



ရန်ကုန် ဇွန် ၂၆

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆင်ယင်ရှုမဝ သုံးရာသီအလှ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ဇွန်လ ၂၆ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ Myanmar Convention Centre (MCC) ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူများက မင်္ဂလာပါအကဖြင့်ဖျော်ဖြေပြီး သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူများက နွေရာသီအလှကိုဖော်ကျူးထားသော ခွန်းဆက်ခြွေတဲ့နွေသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ထို့နောက် တေးသံရှင်စိမ့်နေခြည်က နွေလေးတစ်နွေကျန်ခဲ့ပြီ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး တက္ကသိုလ်ကျောင်းသူများက နွေရာသီဝတ်စားဆင်ယင်ထုံးဖွဲ့မှုအလှကို ပြသကြသည်။

ဆက်လက်ပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက Mix Song ဖြင့် သရုပ်ဖော်တင်ဆက်ကြသည်။ ယင်းနောက် တေးသံရှင်ချစ်စုစံက မိုးဘာကြောင့်ရွာ တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး တက္ကသိုလ်ကျောင်းသူများက မိုးရာသီဝတ်စားဆင်ယင်ထုံးဖွဲ့မှုအလှကို ပြသကြသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသူများက ဆောင်းရာသီအလှသဘာဝကို ဖော်ကျူးထားသော ဆောင်းလရာသီအကဖြင့်လည်းကောင်း၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း(ဒဂုံ)မှ ကျောင်းသူများက ဆောင်းရာသီတေးသီချင်းများလည်းကောင်း သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တေးသံရှင်စိုးညီညီက တေးသီချင်းဖြင့်လည်းကောင်း၊ တက္ကသိုလ်ကျောင်းသူများက ဆောင်းရာသီဝတ်စားဆင်ယင်ထုံးဖွဲ့မှုအလှပြသခြင်းဖြင့်လည်းကောင်း၊ မှုန်ရွှေရည်အကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် တေးသံရှင်ထွန်းထွန်းက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေပြီး တက္ကသိုလ်ကျောင်းသူများက နွေ၊ မိုး၊ ဆောင်း သုံးရာသီဝတ်စားဆင်ယင်ထုံးဖွဲ့မှုဖြင့် စုပေါင်းသရုပ်ပြသကြကာ တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်မောင်တင်**

# ဂန့်ဂေါမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ဂန့်ဂေါ ဇွန် ၂၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် သစ်တောဦးစီးဌာနမှကြီးမှူး၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်၊ သစ်တောသစ်ပင်များ၏ တန်ဖိုးကို အလေးထားထိန်းသိမ်းတတ်စေရန်၊ ရာသီဥတုကောင်းမွန်မျှတကာ အပူဒဏ်ကာကွယ်နိုင်စေရန်နှင့် ဂေဟစနစ်ကောင်းမွန်စေရန်ရည်ရွယ်၍ ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက်ရှိ ခရိုင်လမ်းဦးစီးဌာနရုံးရှေ့နှင့် ကျောတိုက်ရပ်ကွက်ရှိ မြစ်သာခန်းမအနီး၌ ဇွန်လ ၂၅ ရက်က မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပသည်။

ရှေးဦးစွာ ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်က သစ်တောသစ်ပင်များသည် သက်ရှိသတ္တဝါအားလုံး၏ ရှင်သန်ရပ်တည်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှ အကျိုးပြုလျက်ရှိကြောင်း၊ ကမ္ဘာ့နိုင်ငံသားအားလုံးသည် သစ်တောသစ်ပင်များအား အစွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပန်းမန်သစ်ပင်လေသန့်စင်၍ ဥယျာဉ်တောတန်းစိတ်ရွှင်လန်း၏၊ သစ်တောတွေပြုန်းရေမြေဆုံး ပျက်သုဉ်းကမ္ဘာမရှည်ကြာ၊ သစ်တောတွေစိမ်း ရေမြေထိန်း၊ ဖွံ့ဖြိုးကမ္ဘာလွန်ရှည်ကြာ၊ သက်ရှိလောကတည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့ စသည့် ဆောင်ပုဒ်များနှင့်အညီ နယ်မြေဒေသစိမ်းလန်းစိုပြည်စေရေးနှင့် သာယာလှပစေရေးအတွက် စိုက်ပျိုးသည့် သစ်တောသစ်ပင်များ အစွန့်ရှည်တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းညွှန့်က ပျိုးပင်များကို ပေးအပ်ရာ ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်ကလက်ခံရယူသည်။

အဆိုပါမိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ မည်စည်၊ ရေတမာ၊ကံ့ကော်၊ ရင်းမာ၊ ဗာဒံ၊ စိန်တံချူ၊ စိန်ပန်းလေး စသည့်စုစုပေါင်းပျိုးပင် ၁၆၃ ပင်အား တက်ရောက်လာကြသူများက စုပေါင်းစိုက်ပျိုးကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးဝင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြကြောင်း သိရသည်။

**မောင်မျိုးမင်း**

# ပွင့်ဖြူမြို့နယ်၌ ထင်းအစား တခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

ပွင့်ဖြူ ဇွန် ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ပြည်သူများ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်နှင့် သစ်တောသစ်ပင်များကို တန်ဖိုးထားပြီး စနစ်တကျကာကွယ်ထိန်းသိမ်းတတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်၍ ဇွန်လ ၂၅ ရက်က ပွင့်ဖြူမြို့နယ် ဆံဖြူခင်စံပြကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများကို ထင်းအစား တခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးညွှန့်ရွှေက ကျေးရွာနေပြည်သူများ၏ သစ်၊ တိုင်၊ မျော၊ ထင်း စသည့်သစ်တောထွက်ပစ္စည်းများကို ဖြည့်ဆည်းပေးနိုင်ရေး ကျေးရွာသုံးသစ်တောစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း၊ ကျေးရွာနေပြည်သူများအနေဖြင့် သစ်တောသစ်ပင်များကို စည်းကမ်းမဲ့ခုတ်ယူသုံးစွဲခြင်းများကို ရှောင်ကြဉ်ကြစေလိုကြောင်း၊ သစ်တောသစ်ပင်များ ပြုန်းတီးမှုမဖြစ်အောင် ထင်းအစား တခြားလောင်စာများကို တိုးမြှင့်သုံးစွဲကြစေလိုကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများနှင့် ထင်းအစား တခြားလောင်စာတိုးမြှင့်သုံးစွဲရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးကြသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်နှင့် ထင်းလောင်စာသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ဆံဖြူခင်စံပြကျေးရွာရှိ ဒေသခံပြည်သူများအတွက် စွမ်းအားမြှင့်သံပုံးစွပ်မီးဖို ၃၁ လုံးကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

"လမ်းခရီးတွင် ဝှက်ထားခဲ့သည့်အထုပ်များကို ချုံထဲမှထုတ်ယူကြ၍ ကျွန်ုပ်တို့သည် လက်နှိပ်စက် တစ်လုံးစီနှင့် ဇရစ်ချောင်သို့ ပြန်လာကြ၏။ ကျွန်ုပ်နှင့်အတူနေကြသော အမျိုးသားများသည် လက်နှိပ်စက်များထက် သက္ကလတ်ရှပ်များကို မျက်စိကျလျက်ရှိ၏. . ."

**ယမန်နေ့မှအဆက်**

ထိုအချိန်တွင် ကသာမြို့ထဲ၌ လူဆယ်ပုံ တစ်ပုံလောက်မျှသာကျန်တော့၍ အလွန်ရှင်းလျက်ရှိ၏။ အင်္ဂလိပ်စာသင်ကျောင်းကြီးကိုမူကား တရုတ်စစ်သားတစ်ယောက်သည် သေနတ်ထမ်းကာ စန္တရီစောင့်လျက်ရှိ၏။ သူငယ်က–

"ဦးလေး၊ ဟိုကျောင်းကြီးထဲမှာ ပစ္စည်းတွေအများကြီးရှိတယ်ဗျ"

"ဘာပစ္စည်းတွေလဲကွ"

"နို့ဆီ၊ သကြား၊ အထည်အလိပ်တွေ၊ စစ်သုံးပစ္စည်းတွေ ပြည့်လို့ဗျ"

"ပြည့်နေရင် ဘာဖြစ်သလဲကွ"

"ဝင်ယူရအောင်ဗျာ"

"ဟကောင် မလုပ်နဲ့၊ သေနတ်ကြီးနဲ့ စောင့်နေတဲ့ တရုတ်စစ်သား မမြင်ဘူးလားကွ"

"သူတစ်ယောက်တည်းပဲဗျာ၊ ကျောင်းက အကျယ်ကြီး၊ သူမမြင်အောင်ဝင်လို့ရပါတယ်"

"မလုပ်နဲ့ကွာ၊ ငါတော့ကြောက်တယ်"

ယင်းသို့ ကျွန်ုပ်ကပြောစဉ် သူငယ်သည် ကျောင်းထဲသို့စွတ်ခနဲဝင်သွားလေရာ ကျွန်ုပ်မှာ ထိုနေရာ၌ရပ်နေရစ်ခဲ့လျှင် သေနတ်နှင့်လှည့်လာသော တရုတ်စစ်သားမြင်သွားမည် စိုးသောကြောင့် ကြောက်ကြောက်နှင့်ပင် သူ့နောက်သို့ ဝင်၍လိုက်သွားရလေ၏။ ဤသူငယ်ကား စောရနက္ခတ်ပါလေသည်လော မဆိုနိုင်။ အလွန်ရဲတင်း၍ ဖျတ်လတ်လျင်မြန်ခြင်းကိုတွေ့ရ၏။ ဝင်ခဲ့မိသည့်နောက်၌မူ ကျွန်ုပ်မှာ ဘာမျှမတတ်နိုင်တော့ဘဲ သူသွားရာသို့သာ လိုက်နေရတော့၏။ သူငယ်သည် ကျောင်းကြီးထဲတွင် တစ်ခန်းမှတစ်ခန်းသို့ကူး၍ ထင်းရှူးသေတ္တာကြီးများဖြင့် ထည့်ထားသည့်ပစ္စည်းများကို (ကျောင်းထဲ၌တွေ့သော) သံတူးရွင်းတစ်ချောင်းဖြင့် ကလန့်ကာ ကလန့်ကာ ဖွင့်ကြည့်လေ၏။ ကျွန်ုပ်ကား 'ငါတော့လူပေါင်းမှားပြီ' ဟု စဉ်းစားကာ ထိတ်လန့်တုန်လှုပ်စွာ ငေးကြည့်နေမိ၏။ ပစ္စည်းများကား သကြား၊ နို့ဆီဘူး၊ စစ်စောင်ကြီးများ၊ သက္ကလတ်ကြမ်း ရှပ်အင်္ကျီများ၊ အိပ်ရာခင်းများ စသည်တို့ဖြစ်၏။ သူငယ်သည် ဤပစ္စည်းများကို မလိုချင်သေးဘဲ ဆက်လက်၍ ဖောက်ထွင်းမွှေနှောက်ပြန်လေရာ ကျွန်ုပ်ကမူ သက္ကလတ်ရှပ်အင်္ကျီ တစ်ပွေ့နှင့် အိပ်ရာခင်းတစ်ပွေ့ကိုယူ၍ 'သွားကြစို့ကွာ'ဆိုကာ ထွက်မည်ပြုသည်တွင်မှ သူငယ်လည်း သူလိုချင်ရာများကို ပွေ့ပါတော့သည်။ သူငယ်က "နေဦး ဦးလေး၊ အရမ်းမထွက်နဲ့နော်"ဟုဆိုကာ တစ်နေရာမှချောင်းပြီး တရုတ်စစ်သားကို ကြည့်၏။ တရုတ်စစ်သားသည် ကျောင်းကိုလှည့်ပတ်စဉ် ကျွန်ုပ်တို့ရှိနေသော နေရာအပိုင်းသို့ရောက်လာ၍ တိတ်ဆိတ်လှသောမြို့ကြီးတွင် 'ဒေါက် ဒေါက် ဒေါက် ဒေါက်' မြည်သော သူ၏စစ်ဖိနပ်ခြေသံကို ကျွန်ုပ်ကြားရသဖြင့် ကျွန်ုပ်၏ရင်ခုန်သံနှင့် အပြိုင်အဆိုင်ဖြစ်နေပါတော့သည်။ သူငယ်ကမူ မှန်ပြတင်းပေါက်တစ်ခုမှ စစ်သားကို ချောင်းကြည့်နေ၏။ ခြေသံလွန်သွား၍ အတန်ကြာသောအခါမှ ကျွန်ုပ်ချောင်းကြည့်လိုက်သောအခါ ကျွန်ုပ်တို့ဘက်သို့ ကျောခိုင်းကာ လမ်းထောင့်ချိုးကို ကွေ့သွားသောစစ်သားကိုမြင်ရ၍ သူငယ်က "လာ ဦးလေး" ဟု ခေါ်သဖြင့် တစ်ပွေ့တစ်ပိုက်စီနှင့် ကျောင်းထဲမှထွက်လာကြလေ၏။

## ခိုးခြင်း ဟုတ် မဟုတ်

ဇရစ်ချောင်သို့အပြန် လမ်းခရီးတွင် သူငယ်သည် သူ၏အထုပ်ကို ချုံတစ်ခုထဲသို့ ထိုးဝှက်နေသဖြင့် ကျွန်ုပ်ကမေးကြည့်ရာ "ရုံးထဲဝင်ကြည့်ရအောင်ဦးလေး" ဟု ပြော၏။

"မလုပ်ပါနဲ့ကွာ၊ ငါကြောက်ပါတယ်"

"ကြောက်စရာမရှိပါဘူး ဦးလေးရဲ့၊ ဘယ်သူမှမရှိပါဘူး"

ဤတွင် ကျွန်ုပ်စဉ်းစားသည်မှာ ရုံးဆိုကတည်းက လက်နှိပ်စက်တော့ ရှိရမည်။ ယူရလျှင် တော်မည်လော။ ကျွန်ုပ်သည် စာရေးကလေးဘဝ၌ အစိုးရငွေကို လောင်းကစားခဲ့မိခြင်းကို ဖော်ပြခဲ့ပြီးပါပြီ။ သို့ရာတွင် ထိုစဉ်က ကျွန်ုပ်၏အကြံအစည်မှာ ခိုးရန်မဟုတ်။ ခေတ္တယူကစားပြီး နိုင်လျှင် ပြန်ထည့်ထားရန်ဖြစ်၏။ မနိုင်ခဲ့လျှင် အပြစ်ခံရမည်ကို သိသော်လည်း ရည်ရွယ်ချက်ကား ခိုးရန်မဟုတ်ခဲ့ပါ။ ယခုမှာမူ လက်နှိပ်စက်ကို တွေ့ခဲ့လျှင် ခိုးယူမည်ဖြစ်၍ သင့်တော်ပါမည်လော။ ဖော်ပြခဲ့ဖူးသည့်အတိုင်း ကျွန်ုပ်မှာ တရားအားထုတ်၍ သက်န်းလည်း ဝတ်ခဲ့ဖူးသည်ဖြစ်သောကြောင့် သံသယဝင်လျက်ရှိ၏။ နောက်ဆုံး၌ ကျွန်ုပ်စဉ်းစားသည်ကား အစိုးရပစ္စည်းဆိုသော်လည်း အစိုးရလည်းမရှိ။ ထွက်ပြေးခဲ့လေပြီ။ ပစ္စည်းများကိုပစ်၍ ထွက်ပြေးခြင်းဖြစ်သောကြောင့် ဥစ္စာရှင်မရှိသောပစ္စည်းဖြစ်သည်။ အကယ်၍ ဥစ္စာရှင်ရှိသည်ဆိုလျှင်လည်း အရေးပိုင် စသည့်အရာရှိများမဟုတ်။ ပြည်သူသာ ဖြစ်ရမည်။ ငါသည်လည်း ပြည်သူတစ်ယောက်ဖြစ်၍ ထိန်းသိမ်းမည့်သူမရှိသော ပစ္စည်းကို ယူခြင်းသည် ခိုးခြင်းမဟုတ်နိုင်ဟု ဆုံးဖြတ်ချက်ချလိုက်လေသည်။ ထို့နောက် ကျွန်ုပ်သည် သူနှင့်အတူ ရုံးသို့လိုက်သွား၍ လက်နှိပ်စက် လေးငါးလုံးတွေ့ရသည့်အနက် အလတ်ဆုံးသော အင်္ဂလိပ် လက်နှိပ်စက်တစ်လုံးကို ရွေးယူခဲ့လေသည်။

## သဒ္ဓါတရားလော အမြင်ကတ်ခြင်းလော

လမ်းခရီးတွင် ဝှက်ထားခဲ့သည့်အထုပ်များကို ချုံထဲမှထုတ်ယူကြ၍ ကျွန်ုပ်တို့သည် လက်နှိပ်စက်တစ်လုံးစီနှင့် ဇရစ်ချောင်သို့ပြန်လာကြ၏။ ကျွန်ုပ်နှင့်အတူနေကြသောအမျိုးသားများသည် လက်နှိပ်စက်များထက် သက္ကလတ်ရှပ်များကို မျက်စိကျလျက်ရှိ၏။ ကျွန်ုပ်တို့က ရပုံရနည်းကိုပြောပြ၍ လမ်းညွှန်ပြလေရာ ထိုလူများသည် သူတို့ကိုယ်တိုင်သွား၍ မယူဝံ့ကြဘဲ ကျွန်ုပ်တို့၏ပစ္စည်းကိုသာ တကြည့်ကြည့်လုပ်နေကြ၏။

နောက်ဆုံး၌ ကျွန်ုပ်သည် ထိုလူများ၏ လိုချင်မျက်စိရှိကြခြင်းကို ရိပ်မိသည်နှင့် ကျွန်ုပ်ပွေ့ခဲ့သော သက္ကလတ်ရှပ်အင်္ကျီ ၁၀ ထည်အနက်မှ တစ်ထည်စီဝေပေးလိုက်ရာ ကျွန်ုပ်အတွက် တစ်ထည်မျှသာ ကျန်ပါတော့သည်။ အိပ်ရာခင်းများမှာမူ အကြံအစည်ရှိသည်ဖြစ်၍ ၎င်းတို့မျက်စိမကျမီ ကပျာကယာသိမ်းထားလိုက်ရသည်။ ဂျပန်တစ်ခေတ်လုံး၌ တခြားလူများသည် ဖျင်ကြမ်းအင်္ကျီများသာ ဝတ်ကြရသော်လည်း ကျွန်ုပ်မူကား စစ်အိပ်ရာခင်းများကို စကလက်တိုချုပ်ဝတ်နိုင်ခြင်းအားဖြင့် ဆင်းရဲသားများ သွားရည်ယိုစေနိုင်ခဲ့လေသည်။

## လင်သေ ကြွေးပူရှာတတ်သူ

မန္တလေးသို့ ရောက်ကြသောအခါ ကျွန်ုပ်သည် ကျောင်းနေဖက်သူငယ်ချင်း တစ်ယောက်အား လက်နှိပ်စက်တစ်လုံး ရခဲ့ခြင်းအကြောင်းကိုပြောပြ၍ ရန်ကုန်သို့ သွားရန် စရိတ်နည်းနေသဖြင့် ရောင်းလိုကြောင်းပြောပြ၏။ ကျွန်ုပ်သည် နေရာတိုင်းတွင် ဟန်မလုပ်တတ်ဘဲ အခြေအနေကို အမှန်အတိုင်းပြောတတ်သော ဝါသနာရှိပေရာ ကျွန်ုပ်၏ငွေရေးကြေးရေးအခြေအနေကို ထုတ်ဖော်ပြောပြလိုက်ခြင်းအားဖြင့် သူငယ်ချင်းထံမှ အကူအညီရကောင်းရလိမ့်မည်ဟု မျှော်လင့်မိ၏။ သို့ရာတွင် ၎င်းသူငယ်ချင်းသည် လင်သေကြွေးပူမိန်းမမျိုးကိုရှာတတ်သော ဈေးဝယ်တစ်ယောက်ဖြစ်သည့် လက္ခဏာနှင့် မည်သည့်အခါမဆို ၂၀၀ ကျပ် လောက်တန်သော လက်နှိပ်စက်ကို ၁၂၅ ကျပ်မျှသာပေး၍ ဝယ်ယူလေသည်။

ကျွန်ုပ်သည် ဤအကြောင်းကို ထိုအခါကတည်းက နားလည်သော်လည်း ပိုက်ဆံပြတ်လပ်သော ထိုစဉ်ကမူ မောင်မင်းကြီးသားကဝယ်ပေ၍ ငါ့မှာ လမ်းစရိတ်လေးရပေသည်ဟု ကျေးဇူးတင်မိပါသေးသည်။ မည်သို့ဆိုစေ လက်နှိပ်စက်တစ်ခုအတွက် ၁၂၅ ကျပ်ဆိုသောဈေးနှုန်းသည် အကျဉ်းအကျပ်တွေ့လျက်ရှိသော ကျောင်းနေဖက်သူငယ်ချင်းတစ်ယောက်အား ကရုဏာနှင့်ပေးသည့် ဈေးနှုန်းမျိုးကား ဟုတ်သည်မထင်ပေ။

## ရေးဖြစ်ဟောင်းပေါ်လာခြင်း

ကျွန်ုပ်တို့ဇနီးမောင်နှံသည် ၁၉၄၂ ခုနှစ် စက်တင်ဘာလတွင် ရန်ကုန်သို့ ရထားဖြင့် ဆင်းလာခဲ့ကြ၏။ ရထားပေါ်၌ လမင်းကိုမော့ကြည့်မိရာ မမေ့နိုင်သော ည အဖြစ်နှင့် ရေးဖြစ်ဟောင်းတစ်ခုပေါ်လာပါသေးသည်။ ယင်းမှာ ၁၉၀၈ ခုနှစ်၌ စံဒေဝီတို့နှင့် ပတ္တမြားစေတီဘုရားပွဲသို့သွားစဉ် ဘုရားပေါ်သို့ရောက်၍ လသာသာတွင် နှံ၊ ကြေးနောင်၊ ဗုံထောက် စသောတူရိယာများဖြင့် 'နရည်း' တီးသည့် ရေခင်းသံသည် နားထဲတွင်ပေါ်လာခြင်းပင်ဖြစ်လေသည်။ ယခုအချိန်သည် အကျဉ်းအကျပ်ကျလျက်ရှိသောအချိန်ဖြစ်သည်ဟု မဆိုနိုင်သော်လည်း အလွန်ပေါ့ပါးကြည်နူးလျက်ရှိသော ထိုစဉ်ကစိတ်နှလုံးနှင့် နှိုင်းစာလျှင် အလွန်ကွာခြားသည်ဟု သတိပြုမိပါသေးသည်။ ဤကဲ့သို့ စိတ်ကူးယဉ်လျက် ငိုက်မျဉ်းရာမှ အိပ်ပျော်သွားရာတွင် မျက်နှာပေါ်သို့ တောင်ကြီးပြိုကျသည်ဟု အိပ်မက်မက်သည်နှင့် အလန့်တကြား ခုန်ပေါက်ကာ ထလိုက်မိပါသည်။ ဖြစ်ရခြင်းအကြောင်းကား ဤသို့တည်း။

**ဆက်လက်ဖော်ပြပါမည်။**

# မအူပင်တက္ကသိုလ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

မအူပင် ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်ရှိ မအူပင်တက္ကသိုလ်၌ (၇၈) နှစ်မြောက် အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် စာစီစာကုံး၊ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုချီးမြှင့်ပွဲကို ဇွန်လ ၂၅ ရက်က မအူပင်တက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မအူပင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီနီဦးက အဖွင့်အမှာစကားပြောကြားပြီး သမိုင်းဌာန ပါမောက္ခဒေါက်တာမိုးမိုးပြုံးက အာဇာနည်ခေါင်းဆောင်ကြီးများ၏ကိုယ်ရေးအကျဉ်း၊ အာဇာနည်နေ့နှင့် အမျိုးသားရေးတာဝန်ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။ ယင်းနောက် (၇၈) နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံးပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါအခမ်းအနားသို့ မအူပင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီနီဦးနှင့် ဒုတိယပါမောက္ခ



ချုပ်များ၊ ဌာနအသီးသီးမှပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံသို့ သွားရောက်လေ့လာ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးဝါးစက်ရုံရှေ့၌ပြသထားသည့် ဆေးကုသရေးအထောက်အကူပြုမော်တော်ယာဉ်များအား ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံမှထုတ်လုပ်ထားသည့် ဆေးဝါးများပြခန်း၊ ဆေးကုသမှုများဆောင်ရွက်ရာတွင် အသုံးပြုသည့်စက်ကိရိယာများပြခန်းတို့ကို ကြည့်ရှုလေ့လာစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး Mr. Aliaksandr Khajayeu နှင့်အဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Aliaksandr Khajayeu တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Belmedpreparaty ဆေးဝါးစက်ရုံအတွင်း လှည့်လည်၍ ဆေးဝါးထုတ်လုပ်နေမှုအဆင့်ဆင့်အား ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် ဇွန် ၂၆**

ဘယ်လာရုစ်သမ္မတနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မင့်စ်မြို့ရှိ Belmedpreparaty ဆေးဝါးစက်ရုံသို့သွားရောက်လေ့လာသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် Belmedpreparaty ဆေးဝါးစက်ရုံသို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး Mr.Aliaksandr Khajayeu နှင့် စက်ရုံမှတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည်စက်ရုံရှေ့၌ပြသထားသည့် ဆေးကုသရေးအထောက်အကူပြုမော်တော်ယာဉ်များအား လိုက်လံကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်ထားသည့် ဆေးဝါးများပြခန်း၊ ဆေးကုသမှုများဆောင်ရွက်ရာတွင်အသုံးပြုသည့် စက်ကိရိယာများပြခန်းတို့အတွင်း ခင်းကျင်းပြသထားရှိမှုများအား ကြည့်ရှုလေ့လာကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် အဖွဲ့ဝင်များသည်ဆေးဝါးစက်ရုံအစည်းအဝေးခန်းမအတွင်းတွေ့ဆုံ၍ နှစ်နိုင်ငံအကြား ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ဘယ်လာရုစ်နိုင်ငံမှ ထုတ်လုပ်သည့်ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာများအား မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍတွင် အသုံးပြုသွားနိုင်မည့်အခြေအနေများ၊ Belmedpreparaty ဆေးဝါးစက်ရုံမှ တာဝန်ရှိသူများနှင့်မြန်မာနိုင်ငံမှကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူတို့ အသေးစိတ်ဆက်လက်ဆွေးနွေးဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် Belmedpreparaty ဆေးဝါးစက်ရုံအတွင်းလှည့်လည်၍ဆေးဝါးထုတ်လုပ်နေမှုအဆင့်ဆင့်အား ကြည့်ရှုလေ့လာခဲ့ကြပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ Belmedpreparaty ဆေးဝါးစက်ရုံသည် Minsk မြို့တွင်တည်ရှိပြီး ဝန်ထမ်းပေါင်း ၂၁၀၀ ကျော်ရှိသည့် ဘယ်လာရုစ်နိုင်ငံ၏ အကြီးဆုံးဆေးဝါးထုတ်လုပ်သည့်စက်ရုံတစ်ခုဖြစ်ကြောင်းသတင်းရရှိသည်။

(၁၀၀)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်(EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**◆ ယခုတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် မိမိတို့မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားဖြစ်စေမည်ဟုယုံကြည်၊ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU)တို့အကြား ၂၀၂၃ ခုနှစ်တွင် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီးဖြစ် . . .**

**◆ လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတစ်ဆင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU)၏ လေ့လာသူနိုင်ငံအဆင့်အထိ တက်လှမ်းနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ထား . . .**

❒ ကျောဖုံးမှအဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်တိုင်တက်ရောက်သည့်အတွက် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း ဖြင့် ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုတွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် မိမိတို့မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တွန်းအားဖြစ်စေမည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ (EAEU)တို့အကြား ၂၀၂၃ ခုနှစ်တွင် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၃ ခုနှစ်၊ ဇွန်လတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ စိန့်ပီတာစဘတ်မြို့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင် (EEC) တို့အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာ(Memorandum of Cooperation – MOC) အား လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံနှင့် (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာကိုလည်း လေ့လာတွေ့ရှိရပါကြောင်း၊ လက်မှတ်ရေးထိုးထားသည့် ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမှတစ်ဆင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU)၏ လေ့လာသူနိုင်ငံအဆင့်အထိ တက်လှမ်းနိုင်မည်ဟုလည်း ယုံကြည်မျှော်လင့်ထားကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာကျယ်ပြန့်စေရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေး ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌတို့သည် မြန်မာနိုင်ငံနှင့် (EAEU)အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍမြှင့်တင်ရေး၊ သတ္တုတူးဖော်မှုဆိုင်ရာနည်းပညာ မြှင့်တင်ရေးနှင့် စွမ်းအင်ကဏ္ဍမြှင့်တင်ရေးတို့တွင် နည်းပညာပိုင်းဆိုင်ရာ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ဆောင်သွားနိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံနှင့် (EAEU) အဖွဲ့ဝင်နိုင်ငံများအကြား တိုက်ရိုက်ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခြင်း၊ ကုန်စည်ပြပွဲများ၊ ဖိုရမ်များကျင်းပခြင်းတို့ဖြင့် စီးပွားရေးကုန်သွယ်မှုအခွင့်အလမ်းကို ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပ – အာရှ စီးပွားရေးသမဂ္ဂ (EAEU)၏ လေ့လာသူနိုင်ငံအဆင့်အထိ တက်လှမ်းနိုင်ရေး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအလားအလာကောင်းများစွာကို ဖော်ဆောင်ပေးနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ကောင်စီဝင်ဗိုလ်ချုပ်ကြီး ညိုစောဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဥရောပ-အာရှ စီးပွားရေးကော်မရှင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့်အတူ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် ပီတန်းနှင့်လက်ဝှေ့အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၂၆

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပီတန်းနှင့်လက်ဝှေ့အားကစားနည်းများမှအားကစားသမားများအား လက်ရည်ဆန်းစစ်ခြင်းနှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့်ဆုပေးပွဲအခမ်းအနားကိုယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပီတန်းအားကစားကွင်းနှင့် လက်ဝှေ့အားကစားရုံတို့၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းရှိပီတန်းကွင်း၌ ကျင်းပသည့် အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း (Single Event)ပြိုင်ပွဲ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(Youth Camp) အငယ်တန်းပြိုင်ပွဲနှင့် အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)အကြီးတန်းပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဝဏ္ဏသိဒ္ဓိအားကစားကွင်းလက်ဝှေ့လေ့ကျင့်ရေးရုံ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် လက်ဝှေ့အမျိုးသား၊ အမျိုးသမီးဝိတ်တန်းအလိုက် ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက အမျိုးသမီး ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသူများ၊ အမျိုးသား ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ပထမနှင့်ဒုတိယဆုရရှိသူများ၊ အမျိုးသမီး ၄၈ ကီလိုတန်းပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသူများ၊ အမျိုးသား ၆၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသူများကို ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြပြီး ပြည်ထောင်စုဝန်ကြီးသည် အုပ်ချုပ်သူ၊ နည်းပြများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ပြန်လည်ပြုပြင်လေ့ကျင့်သင်ကြားပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ကျွန်းလှမြို့နယ်၌ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

ကျွန်းလှ ဇွန် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် မီးသတ်ဦးစီးဌာန၊ ကျန်းမာရေးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်းပြီး ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန်လ ၂၅ ရက်က ကျွန်းလှမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးဖြိုးသန့်ဇင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းဟန်က ငလျင်လှုပ်ရသည့်အကြောင်းရင်း၊ ပျက်စီးနိုင်မှုအခြေအနေ၊ နောက်ဆက်တွဲဖြစ်ပေါ်နိုင်သည့်ဆိုးကျိုးများ၊ ငလျင်မလှုပ်မီလုပ်ဆောင်ရမည့်နည်းလမ်းများ၊ ငလျင်လှုပ်နေစဉ်ဘေးကင်းစွာနေထိုင်နည်းနှင့် အရေးပေါ်ပစ္စည်းများပြင်ဆင်ထားရှိရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ငလျင်လှုပ်နေစဉ် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ ငလျင်လှုပ်ပြီး ပြိုကျနေသည့်အဆောက်အအုံအတွင်းမှ လူနာများအား ကယ်ထုတ်ခြင်း၊ ဆေးကုသမှုခံယူခြင်းများကို လက်တွေ့သရုပ်ပြကြသည်။

အဆိုပါသရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့်လူမှုကူညီရေးအသင်းဝင်များ တက်ရောက်ကြကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# ငါးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များထိန်းသိမ်းခြင်းနှင့် မျိုးမြှင့်တင်ခြင်း

**ငါးလုပ်ငန်းဦးစီးဌာနသည် ဝန်ကြီးဌာန၏ပန်းတိုင်တစ်ရပ်ဖြစ်သော သားငါးမျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ဖြန့်ဖြူးမှု ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသမျိုးရင်းများထိန်းသိမ်းရေးနှင့် မှတ်တမ်းထားရှိရေးကို လိုက်နာဆောင်ရွက်လျက်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမွေးမြူရေးလုပ်ငန်းရေရှည်ဖွံ့ဖြိုးတိုးတက်ရန် လုပ်ငန်းစဉ်များအနေဖြင့် ဒေသ၏ငါး၊ ပုစွန်သားပေါက်လိုအပ်ချက်များ ဖြည့်တင်းပေးနိုင်ရန် အရည်အသွေးကောင်းမွန်သော ငါး၊ ပုစွန်သားပေါက်များအား ဖြန့်ဖြူးပေးခြင်း၊ ငါးသယံဇာတများရေရှည်တည်တံ့ပွားများစေပြီး ငါးရိက္ခာများတိုးတက်ရရှိစေရန် ငါးမျိုးစိုက်ထည့်ပေးခြင်းတို့ဆောင်ရွက်သွားမည်ဖြစ်သည်။**

**ဒေါက်တာအောင်နိုင်ဦး(ငါးဦးစီး)**

အရည်အသွေးမြင့်ငါးမျိုးကောင်းမျိုးသန့်များ တင်သွင်းခြင်းနှင့် မျိုးဗီဇမြှင့်ငါးမျိုးစိတ်ထုတ်လုပ်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ တိုင်းရင်းငါးမျိုးများ ထိန်းသိမ်းခြင်းနှင့်သုတေသနပြုသားဖောက်မွေးမြူ ထုတ်လုပ်ခြင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရေချိုရေငန် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ဌာန၊ ပုဂ္ဂလိကနှင့် ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲခြင်းနှင့်လိုက်လျောညီထွေမှုရှိသော ငါးမျိုးစိတ်များနှင့်မွေးမြူရေးနည်းစနစ်များ ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်သည်။

အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အရှေ့တောင်အာရှငါးလုပ်ငန်းဖွံ့ဖြိုးရေးဗဟိုဌာန အဖွဲ့ဝင်နိုင်ငံများ၏ လာမည့် ၂၀၃၀ ပြည့်နှစ်တိုင် ၁၀ နှစ်တာ ကာလအတွင်း ငါးမွေးမြူရေးလုပ်ငန်းဆိုင်ရာဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များထဲမှ သားဖောက်မည့်မျိုးငါး၊ မျိုးပုစွန် (Breeder or Broodstock) များ မျိုးဗီဇကောင်းမွန်စေရေး၊ အရည်အသွေးကောင်းသော ငါး၊ ပုစွန်သားပေါက်များထုတ်လုပ်သည့် ပုဂ္ဂလိကနှင့်အစိုးရသားဖောက်စခန်းများတည်ထောင်ခြင်း၊ မျိုးဗီဇမြှင့်ထားသော ငါး၊ ပုစွန်များကိုသေချာစွာ ထိန်းသိမ်းဖြန့်ဖြူး၍ ၎င်းနှင့်ပတ်သက်သော နည်းပညာနှင့် မျိုးပွားနည်းသစ်များကိုဖြန့်ဝေခြင်း၊ သဘာဝရေပြင်မှ သားပေါက်နှင့် မျိုးငါးများကို တာဝန်သိစိတ်ဖြင့် စုဆောင်းအသုံးပြု၍ သီးသန့်ရောဂါကင်းသော ငါး၊ ပုစွန်သားပေါက်များ(Specific Pathogen Free–SPF)ထုတ်လုပ်ရန်နှင့် ပိုမိုကောင်းမွန်သောသားဖောက်ရုံစီမံမှုကျင့်စဉ်(Better Hatchery Management)ဆိုင်ရာ မူဝါဒလမ်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ တစ်နိုင်တစ်ပိုင်သားပေါက်ထုတ်လုပ်သူများကို ကျန်းမာသန်စွမ်းသော မျိုးငါးများအသုံးပြုရန် အားပေးခြင်း၊ မွေးမြူရေးရေသတ္တဝါများ ဇီဝလုံခြုံမှုတိုးတက်ကောင်းမွန်စေရန် မျိုးထိန်းသိမ်းခြင်း၊ အသေးစားငါးသားဖောက်ရုံများနှင့် အသေးစားငါးမွေးမြူသူများမှ ကျန်းမာသန်စွမ်းသော မျိုးငါး၊ မျိုးပုစွန်များ ရယူအသုံးပြု၍ အရည်အသွေးကောင်း သားပေါက်များထုတ်လုပ်စေခြင်း၊ ပြည်ပငါး၊ ပုစွန်မျိုးစိတ်များ မွေးမြူခြင်းဆိုင်ရာ ဘေးအန္တရာယ်ရှိမှုအကဲဖြတ်ခြင်းနှင့် အဆိုပါမျိုးစိတ်များ ပြင်ပရေပြင်သို့ လွတ်ထွက်မသွားရန် ကာကွယ်တားဆီးသည့် အစီအမံများ ချမှတ်လုပ်ဆောင်ခြင်း၊ သဘာဝဂေဟစနစ်နှင့် ဇီဝမျိုးကွဲမှုကို ထိခိုက်စေနိုင်မှုများကိုကာကွယ်ခြင်း၊ မွေးမြူရေးလုပ်ငန်း၌ မျိုးဗီဇပြောင်းထားသော ရေသတ္တဝါမျိုးနှင့် အစာများအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ သုတေသနများနှင့် ဘေးအန္တရာယ်ရှိမှုအကဲဖြတ်ခြင်းတို့ ပါဝင်ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအဖွဲ့ဝင်ဖြစ်သော အာရှ-ပစိဖိတ်ဒေသတွင်း ငါးမွေးမြူရေးဗဟိုဌာနများဆိုင်ရာ ကွန်ရက် (NACA)မှ မျိုးဗီဇနှင့် ဇီဝမျိုးကွဲမှုအစီအစဉ်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများမှ ရေသတ္တဝါများ မျိုးဗီဇအရင်းအမြစ်ဆိုင်ရာ သိပ္ပံနည်းကျဗဟုသုတများ ကောင်းမွန်တိုးတက်လာစေရန်၊ ဇီဝမျိုးကွဲမှုနှင့် သဘာဝဒေသငါးမျိုးများအား ထိခိုက်သက်ရောက်မှု အနည်းဆုံးဖြစ်ရေး တာဝန်သိစိတ်ဖြင့် အသုံးပြုရန်၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုများအောက်ရှိ ၎င်းတို့၏ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မျိုးများ တိုးတက်ကောင်းမွန်စေရန်၊ တည်ရှိပြီးသော ရေသတ္တဝါမျိုးများ၏ မျိုးဗီဇလက္ခဏာများသတ်မှတ်ဖော်ထုတ်ခြင်း၊ မျိုးဗီဇဆိုင်ရာနည်းပညာအသစ်များ



ချမှတ်ဆောင်ရွက်နိုင်ရန်၊ ဒေသရင်းမဟုတ်သော ပြည်ပငါးမျိုးစိတ်များ၏ မျိုးဗီဇကွဲပြားခြားနားမှု အကဲဖြတ်ဆန်းစစ်ရန်၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအသိအမှတ်ပြုမျိုးများအတွက် သတင်းအချက်အလက်များစုဆောင်းရန် ဒေသတွင်းဆိုင်ရာ အချက်အလက်များအား Database ထူထောင်ပေးခြင်း၊ မော်လီကျူလာ နည်းပညာအသစ်များ၊ နည်းလမ်းများနှင့် မဟာဗျူဟာများအသုံးချခြင်းနှင့် ရေနေသတ္တဝါမျိုးဗီဇအရင်းအမြစ်များ စီမံခန့်ခွဲခြင်းဆိုင်ရာလူ့စွမ်းအားမြှင့်တင်ရေး ဆောင်ရွက်ပေးခြင်း၊ မျိုးစိတ်သစ်များ၊ တန်ဖိုးရှိဗီဇအရင်းအမြစ်များကို ရှာဖွေရန် ရေသတ္တဝါများမျိုးဗီဇအရင်းအမြစ်များ လက္ခဏာသတ်မှတ်ဖော်ထုတ်ခြင်း၊ တိုင်းရင်းငါးမျိုးများ ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်သိမျိုးဗီဇ Germplasm များ လဲလှယ်ခြင်း၊ အန္တရာယ်ကင်းသော မျိုးပွားထုတ်လုပ်ခြင်းနှင့် ရရှိလာသည့်အကျိုးအမြတ်များကို မျှဝေခြင်းအတွက် စီမံပေးခြင်းတို့၌ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေနေသတ္တဝါမျိုးဗီဇအရင်းအမြစ်များ ဖွံ့ဖြိုးရေးနှင့် ရေရှည်အသုံးပြုနိုင်ရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက်လုပ်ငန်းစဉ်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရေးအားသိရှိနိုင်ရန်၊ စားရေရိက္ခာနှင့်စိုက်ပျိုးရေးအတွက် ရေနေသတ္တဝါမျိုးဗီဇအရင်းအမြစ်များဆိုင်ရာ နည်းပညာလုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်မှ ၂၃ ရက်အထိ ပြုလုပ်ခဲ့ပြီး တိုင်းပြည်၏မွေးမြူရေးပြုလုပ်နေသော ရေသတ္တဝါများနှင့် ၎င်းရေသတ္တဝါများနှင့်ဆက်စပ်သော သဘာဝရေပြင်ရှိ မျိုးစိတ်များ၏ သတင်းအချက်အလက်များ ဆွေးနွေးခဲ့သည်။

ရေသတ္တဝါမွေးမြူရေးလုပ်ငန်းတွင် ထုတ်လုပ်မှုကောင်းမွန်သော မျိုးကောင်းမျိုးသန့်မွေးမြူနိုင်ရေးသည် အခြေခံကျသောအချက်ဖြစ်သကဲ့သို့ အဆိုပါရေသတ္တဝါများသည် ပတ်ဝန်းကျင်ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိပြီး ရှင်သန်ထုတ်လုပ်နိုင်မှုကောင်းမွန်ရန်လည်းလိုအပ်သည်။ ထို့ကြောင့် မိမိနိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့်ကိုက်ညီပြီး ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော ငါး၊ ပုစွန် မျိုးကောင်းမျိုးသန့်များရရှိနိုင်ရေးသည် ငါးမွေးမြူရေးလုပ်ငန်းအတွက် အဓိကကျသောလိုအပ်ချက်လည်းဖြစ်သည်။ မြန်မာနိုင်ငံ၌ အများစုမွေးမြူထုတ်လုပ်သော ငါးမျိုးများသည် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်သော်လည်း ရေချို ရေငန် ပုစွန်မျိုးများမှာလုံလောက်စွာ ရရှိနိုင်ရေးအတွက် ပြည်ပကိုမှီခိုနေရသေးသဖြင့် အဆိုပါမျိုးများရရှိနိုင်ရန် ကုန်ကျစရိတ်မြင့်မားခြင်း၊ မွေးမြူသူများ အလွယ်တကူရရှိနိုင်ရန်ခက်ခဲခြင်း စသည့်အခက်အခဲများကို တွေ့ကြုံနေကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း ၁၉၆၇ ခုနှစ်မှ စတင်၍ ဒေသရင်းငါးမျိုးဖြစ်သည့် ငါးမြစ်ချင်း ငါးမျိုးအား အောင်မြင်စွာ ဆေးထိုးသားဖောက်ထုတ်လုပ်နိုင်ခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်မှ ငါးမွေးမြူခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းပေးနိုင်ခဲ့သဖြင့် ငါးမွေးမြူရေးလုပ်ငန်း တစ်ဟုန်ထိုးတိုးတက်လာခဲ့သည်။ ယနေ့ဆိုလျှင် မွေးမြူရေးရေချိုငါးများကို ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး ငါးမျိုးစိတ် ၁၂ မျိုး သားဖောက်ထုတ်လုပ်နိုင်ပြီဖြစ်သည်။ ငါးများကို နှစ်ကာလကြာမြင့်စွာမျိုးရိုးစဉ်ဆက်အလိုက်သားဖောက်ထုတ်လုပ်ခြင်းကြောင့် မျိုးဗီဇနည်းပညာအရ မျိုးနိမ့်ကျလာပြီး မွေးမြူရာ၌ ကြီးထွားနှုန်းနှေးလာခြင်း၊ အရောင်အသွေးညှိုဖျင်းခြင်းစသည့် အားနည်းချက်များဖြစ်ပေါ်လာသည်။ အကျိုးဆက်အနေဖြင့် မျိုးညံ့သောငါးမျိုးများမွေးမြူပါက မွေးမြူကာလကြာမြင့်၍ ထုတ်လုပ်မှုကုန်ကျစရိတ်များပြားပြီး ရင်းနှီးကုန်ကျမှုမြင့်လာသဖြင့် ငါးမွေးမြူရာ၌ ရေရှည်တွင် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးမှုများကြုံတွေ့ရလျက်ရှိသည်။ နိုင်ငံတော်၏ငါးမွေးမြူရေးထုတ်လုပ်မှုပိုမိုတိုးတက်၍ ငါးမွေးတောင်သူများ အကျိုးအမြတ်ပိုမိုရရှိစေရေးအတွက် ငါးမြစ်ချင်း ငါးမျိုးဗီဇမြှင့်တင်ရေးလုပ်ငန်းအား ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းတို့မှတတ်သိပညာရှင်များဖြင့်ကော်မတီဖွဲ့စည်း၍ ဆောင်ရွက်ခဲ့သည်။ ငါးမြစ်ချင်း ငါးမျိုးဗီဇများ တိုးတက်ကောင်းမွန်လာစေရန် မြန်မာနိုင်ငံရှိ အဓိကမြစ်ကြီးများမှ ငါးမြစ်ချင်းငါးမျိုးများစုဆောင်းခြင်း၊ မျိုးစပ်သားဖောက်ရန် သားဖောက်ခြင်းအစီအစဉ်များ (Breeding Programme)နှင့် လမ်းညွှန် (Guideline) များရေးဆွဲပြီး တိုင်းဒေသကြီး/ပြည်နယ်များရှိ ငါးလုပ်ငန်းစခန်းများသို့ ကွင်းဆင်းပညာပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။

ထို့အတူ ထုတ်လုပ်မှုကောင်းမွန်သောနိုင်ငံခြားငါးမျိုးဖြစ်သည့် တီလားဗီးယားငါးမျိုးအား ရောဂါနှင့် ရာသီဥတုဒဏ်တို့ကိုခံနိုင်ရည်ရှိပြီး ကြီးထွားနှုန်းကောင်းသည့် မျိုးဗီဇမြှင့်တီလားဗီးယား ငါးမျိုးများ (Genetically Improved Farmed Tilapia–GIFT)ကို ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ကြီးထွားနှုန်းမြန်ဆန်ကောင်းမွန်သော တီလားဗီးယားအထီးသီးသန့်မွေးမြူခြင်းအတွက် သားပေါက်အရွယ်တွင် ဟော်မုန်းဖြင့်ဖော်စပ်ထားသော အစာကျွေးခြင်းဖြင့်လည်းကောင်း၊ မျိုးဗီဇပိုင်းဆိုင်ရာ မျိုးစပ်ယူခြင်းဖြင့်လည်းကောင်း တီလားဗီးယားအထီး သီးသန့်သားပေါက်များကိုသားဖောက်ထုတ်လုပ်ကြသည်၊ ထိုကဲ့သို့ အဆင့်မြင့်နည်းပညာများဖြင့် မျိုးစပ်သားဖောက်ခြင်းများတွင် Genetically Improved Farmed Tilapia (GIFT) တီလားဗီးယားငါးမျိုးသည် အာရှဒေသအတွက် မျိုးမြှင့်ထားသော နိုင်းတီလားဗီးယားငါးမျိုးတစ်မျိုးဖြစ်ပြီး အခြားသောတီလားဗီးယားငါးမျိုးများနှင့် နှိုင်းယှဉ်ပါက ကြီးထွားနှုန်း ၈၅ ရာခိုင်နှုန်း ပိုမိုမြန်ပြီး ရှင်သန်နှုန်း ၅၀ ရာခိုင်နှုန်း ပိုမိုမြင့်မားသည်ဟု သိရှိရသည်။ အချို့သော သုတေသနပြုချက်များအရ GIFT တီလားဗီးယားငါးမွေးမြူခြင်းသည် ဈေးကွက်အရွယ်ဝင်ထိ မွေးမြူရာ၌ ထုတ်လုပ်မှုကုန်ကျစရိတ် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိလျှော့ချနိုင်ကြောင်း ဆိုထားသည်။ ဖိလစ်ပိုင်နိုင်ငံ၏ တီလားဗီးယားဈေးကွက်၌ GIFT တီလားဗီးယားမျိုးမှာ ၂၅ ရာခိုင်နှုန်း ရရှိထားသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌လည်း GIFT တီလားဗီးယားမျိုးကို မွေးမြူစမ်းသပ်ချက်အရ ၎င်းတို့ရှိတီလားဗီးယားငါးမျိုးများထက် ကြီးထွားနှုန်း ၁၈ ရာခိုင်နှုန်း ပိုမိုကောင်းမွန်ကြောင်း ဆိုထားသည်။ မြန်မာနိုင်ငံ၌ အများဆုံးမွေးမြူကြသော တီလားဗီးယားငါးမျိုးဖြစ်သည့် Tilapia niloticus ငါးမျိုးဖြစ်သည်။ တီလားဗီးယားငါးမျိုးအား မြန်မာ့ရေလုပ်ငန်း၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ ၁၉၅၃၊ ၁၉၇၈၊ ၁၉၈၀ ကာလများအပြင် နောက်ပိုင်းကာလများတွင်လည်း တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံစသည်တို့မှ အကြိမ်ကြိမ်တင်သွင်း၍ သားဖောက်ပြီး ကျေးလက်တစ်နိုင်တစ်ပိုင်ငါးမွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန်ဖြန့်ဖြူးခဲ့သည်၊ သို့သော် တင်သွင်းလာသောတီလားဗီးယားငါးမျိုးများအား မျိုးရင်းထိန်းခြင်း၊ မျိုးမြှင့်တင်သားဖောက်ခြင်း၊ သုတေသနပြုလုပ်ခြင်း စသည့်အစီအမံကောင်းများဆောင်ရွက်မှုအားနည်းခဲ့သဖြင့် ကြီးထွားနှုန်းကောင်းမွန်သော တီလားဗီးယားငါးမျိုးများ အလုံအလောက်ထုတ်လုပ်နိုင်မှုမရှိခဲ့ပါ။

**စာမျက်နှာ ၈ သို့ ●**

● စာမျက်နှာ ၇ မှအဆက်

ငါးလုပ်ငန်းဦးစီးဌာနမှ World Fish Center Myanmar နှင့်ပူးပေါင်း၍ စီမံကိန်းအစီအစဉ်ဖြင့် မလေးရှားနိုင်ငံ World Fish Center မှ ကြီးထွားနှုန်းကောင်းမွန်သည့် မျိုးဗီဇမြှင့်ထားသော တီလားဗီးယား(Genetically Improved Farmed Tilapia– GIFT)ကိုတင်သွင်းပြီး ကောင်းမွန်စနစ်ကျသော မျိုးထိန်းသိမ်းမွေးမြူ သားဖောက်မှုအစီအမံများဖြင့် ကျေးလက်အသေးစား ငါးမွေးတောင်သူများအတွက် ဖြန့်ဖြူးပေးမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် FAO မှ ငါးလုပ်ငန်းဦးစီးဌာနဖြင့် ပူးပေါင်း၍ တရုတ်နိုင်ငံမှ GIFT တီလားဗီးယားငါးမျိုးများတင်သွင်းပြီး ကောင်းမွန်သောမျိုးထိန်းသိမ်းမှုစနစ်ဖြင့်သားဖောက်၍ ငါးမွေးတောင်သူများကို ဖြန့်ဖြူးခဲ့သည်။ ထိုင်းနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာန၏ပံ့ပိုးမှုဖြင့် Royal Thai Tilapia တီလားဗီးယားမျိုးကို၂၀၁၇ ခုနှစ်တွင် နောက်ဆုံးတင်သွင်းခဲ့ပြီး မျိုးရင်းများကို ထိန်းသိမ်းခြင်းနှင့် သားဖောက်ဖြန့်ဖြူးပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင်စီးပွားရေးအရနှင့်မွေးမြူရေးအတွက် သင့်လျော်သော ရေငန်ငါးမျိုးများ ဥပမာ–ကျောက်ငါး၊ ကကတစ်၊ ငါးပါးနီ၊ ကဘီလူးငါးနှင့် ငါးတိန်းမျိုးများရှိသည်။ ဤငါးမျိုးများအနက် ကျောက်ငါးနှင့် ကကတစ်ငါးမျိုးများသည် တန်ဖိုးမြင့်မားကြောင်းတွေ့ရှိရပြီး ပုဂ္ဂလိကကုမ္ပဏီ သုံးလေးခုမှ ကျောက်ငါးအား လှောင်အိမ်စနစ်ဖြင့်မွေးမြူလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့သော် မျိုးကောင်းမျိုးသန့်ရရှိရေးနှင့် နည်းပညာလိုအပ်ချက်များရှိနေသေးကြောင်းကို တွေ့ရှိရသည်။ မွေးမြူရန်အတွက် လိုအပ်သောငါးမျိုးများအား သဘာဝမှစုဆောင်းရယူနေရသည်။

ယခုအခါတွင် ကမ္ဘာပေါ်တွင် သဘာဝမှ ငါး၊ ပုစွန်သားပေါက်များရရှိမှု လျော့နည်းလာခြင်းအတွက် မွေးမြူရေးအပိုင်းကို အားစိုက်ပြီးကြိုးစားဆောင်ရွက်လာကြသည်။ ယခင်က အရှေ့တောင်အာရှဒေသရှိ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နဲ့ အိန္ဒိယနိုင်ငံတို့တွင် ဒေသရင်းမျိုးစိတ်ဖြစ်သော ကျားပုစွန် (Penaeus monodon) ကို မွေးမြူကြသည်။ ၂၀၀၃ ခုနှစ်လောက်တွင် ထိုင်းနိုင်ငံ ပုစွန်မွေးမြူရေးလောကတွင် White Spot Syndrome Virus (WSSV) ရောဂါကျရောက်ခြင်းကြောင့် မွေးမြူနေသောမျိုးစိတ်အမယ်သစ်ဖြစ်သောပုစွန်ဖြူ(Litopenaeus vannamei)ကို ပြောင်းလဲမွေးမြူခြင်းဖြင့် ထုတ်လုပ်မှုပြန်လည်တိုးတက်လာသည်။ ပုစွန်မွေးမြူသောနိုင်ငံများသည် ပုစွန်မွေးမြူထုတ်လုပ်မှု ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် မျိုးကောင်းမျိုးသန့်များရရှိအောင် ကြိုးပမ်းဆောင်ရွက်လာကြသည်။

မြန်မာနိုင်ငံ ရေချိုပုစွန်မွေးမြူရေးတွင်လက်ရှိမွေးမြူနေသော ဒေသရင်းမျိုးစိတ်မှာ ရေချိုပုစွန်တုပ်ကြီး (Macrobrachium rosenbergii)ဖြစ်သည်။ မြန်မာ့မျိုးရင်း ရေချိုပုစွန်တုပ်ကြီးသည် လက်မနှင့်ခေါင်းပိုင်းတိုပြီး ကိုယ်ထည်ပိုရှည်ကာ အရောင်အသွေးလည်းလှသည်။ ရေချိုပုစွန်အသားတိုးမွေးကန်များမှ ပြည်တွင်းဝယ်လိုအားမြင့်မားနေမှုကြောင့် ပြည်ပမှရေချိုပုစွန်သားပေါက်များတင်သွင်းလာခဲ့ကြသည်။ အများစုမှာ ထိုင်းမျိုးဖြစ်ပြီး ဗီယက်နမ်မျိုးကို အစောပိုင်းမှာတင်သွင်းပြီး နောက်ပိုင်းတင်သွင်းမှုမရှိတော့ပါ။ ယနေ့အထိ ထိုင်းမျိုးစိတ်ကိုသာ တင်သွင်းလာကြသည်။ မြန်မာ့မျိုးရင်း ရေချိုပုစွန်တုပ်ကြီးကို မျိုးကောင်းမျိုးသန့်ရရှိနိုင်ရေးအတွက် မျိုးမြှင့်ခြင်းလုပ်ငန်းကိုလည်း လုပ်ဆောင်သင့်ကြောင်း၊ မျိုးကောင်းမျိုးသန့်များထုတ်လုပ်ပေးနိုင်မှသာ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး စဉ်ဆက်မပြတ်ထုတ်လုပ်မှုရှိနေမည်ဖြစ်သည်။

မိမိတို့နိုင်ငံအတွက်ဒေသနှင့်လျော်ညီပြီးထုတ်လုပ်မှုမြင့်မားသည့်မျိုးကောင်းမျိုးသန့်ငါး၊ ပုစွန်ကိုယ်ပိုင်မျိုးများထုတ်လုပ်နိုင်ရေးအတွက် ဒေသမျိုးရင်း/မျိုးစိတ်များအား စနစ်တကျထိန်းသိမ်းခြင်း၊ မှတ်တမ်းများထားရှိခြင်း၊ မျိုးရွေးချယ်ခြင်း၊ မျိုးဗီဇမြှင့်တင်ရွေးချယ်သားစပ်ကာလိုအပ်သောမျိုးရရှိအောင် သုတေသနပြုဆောင်ရွက်ခြင်း၊ မျိုးရိုးဗီဇဆိုင်ရာသုတေသနပြုခြင်းတို့အားဆောင်ရွက်ပြီး ငါးပုစွန်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဒေါက်တိုင်တစ်ခုဖြစ်သည့်မျိုးမြှင့်တင်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရမည်ဖြစ်သည်။

အဆိုပါမျိုးထိန်းခြင်း၊ မျိုးမြှင့်သားစပ်ခြင်း၊ ကိုယ်ပိုင်မျိုးသစ်ရရှိရေးအတွက် ဆောင်ရွက်ခြင်းသုတေသနလုပ်ငန်းများသည် ကာလရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်ပြီး အဆိုပါလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ ရေသတ္တဝါမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်အကျိုးကျေးဇူးရရှိလာမည်ဖြစ်သည်။ အဆိုပါနိုင်ငံနှင့်ကိုက်ညီသည့် ငါးပုစွန်မျိုးကောင်းမျိုးသန့်များကိုထုတ်လုပ်နိုင်ခြင်းဖြင့် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းအမျိုးအစားအလိုက် ထုတ်လုပ်မှုများမြင့်မားလာခြင်း၊ နိုင်ငံခြားမှ သားပေါက်နှင့်မျိုးများတင်သွင်းဝယ်ယူရမည့်ကုန်ကျစရိတ်ကို လျှော့ချနိုင်ခြင်း၊ နိုင်ငံခြားဝင်ငွေရရှိနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# စိုက်ပျိုးစွမ်းအားနှင့် မွေးမြူရေးစွမ်းအားဖွံ့ဖြိုးတိုးတက်စေရေးနှင့် MSME ကုန်ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကြည့်ရှုအားပေး



ပဲခူး ဇွန် ၂၆

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်းသည် ဇွန်လ ၂၅ ရက် နံနက်ပိုင်းတွင် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးစွမ်းအားနှင့်မွေးမြူရေးစွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေးနှင့် MSME ကုန်ထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာအုပ်စု၌ ဒေသခံမိုးစပါးစိုက်တောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းကောင်းမွန်ပြည့်စုံစေရေးနှင့် မိရိုးဖလာလက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ မဖြစ်မနေပြောင်းလဲဆောင်ရွက်သွားနိုင်ရေးရှင်းလင်းပြောကြားပြီး မိုးစပါးစိုက်တောင်သူများအား သွင်းအားစုများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဦးလွင်ဦး၏လယ်မြေ ၁၀ ဧကအတွင်း ပဲခူးမြို့ Agro Future Myanmar Co., Ltd. မှ တီထွင်ထုတ်လုပ်ထားသော လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲအား ကွင်းဆင်းကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် ဘိုင်းဒါးကျေးရွာ၌ ဒေသတွင်းဥစားသုံးမှုဖူလုံစေရေးမွေးမြူရေးလုပ်ငန်းရှင် ဦးသူရဇော်၏ ဥစားကြက်ကောင်ရေ ၂၀၀၀ နှင့် မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းငွေ၏ဥစားဘဲကောင်ရေ ၂၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး မွေးမြူထုတ်လုပ်မှုမှရရှိသည့် ကြက်ဥနှင့်ဘဲဥများကို သယ်ယူမှုကုန်ကျစရိတ်မရှိဘဲ ဒေသတွင်းရှိ ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ တိုက်ရိုက်အရောင်းတွင် ရာနှုန်းပြည့်ရောင်းချနိုင်ရေး၊ အသားစားဘဲ၊ ဒေသဝက်နှင့် ဒေသကြက်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်သွားရန်နှင့် တိရစ္ဆာန်အစာအား ဒေသထွက်ကုန်ကြမ်းပစ္စည်းများဖြင့် ထုတ်လုပ်မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မြို့မ(၃)ရပ်ကွက်ရှိ ဦးအောင်ကျော်မင်း၏ New Age Water Tank အမှတ်တံဆိပ်ဖြင့် ရေတိုင်ကီနှင့် ဖိုက်ဘာလှေထုတ်လုပ်မှု လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး ပြည်ပသွင်းကုန်အစားထိုး ကုန်ထုတ်လုပ်ငန်းဖြစ်၍ ဒေသတွင်း MSMEs ကုန်ထုတ်လုပ်ငန်းများမှထွက်ရှိလာသည့်ထုတ်ကုန်များ၏ အရည်အသွေးမြင့်မားစေရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**(၄၀၁)၊ တင်စိုး(ပဲခူး)**

# သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

နေပြည်တော် ဇွန် ၂၆

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်ကြီးကြပ်၍ သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နိုင်ရေး အသိပညာပေးဟောပြောပွဲနှင့် သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်မှု ဆောင်ရွက်ခြင်းကို ဇွန်လ ၂၅ ရက်တွင် အောင်ဇေယျရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က ဦးစီးဌာန၏ လုပ်ငန်းတာဝန်နှင့်ရည်မှန်းချက်များ၊ မီးလောင်ကျွမ်းရခြင်း၏အကြောင်းရင်းများ၊ ကာကွယ်ရမည့်နည်းလမ်းများနှင့် ရေဘေး၊ ငလျင်ဘေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်များ၊ ကယ်ဆယ်ရေးလုပ်ဆောင်ရမည့်နည်းလမ်းများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် တပ်ကုန်းမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ၊ ဒုတိယမီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းဝင်များက ကယ်ဆယ်ရေးဆိုင်ရာလုပ်ငန်းများတွင် အသုံးပြုသည့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများကို လက်တွေ့သဏ္ဍာန်တူသရုပ်ပြသပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူက သဘာဝဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ အလေးထားဆောင်ရွက်ရေးမှာကြားကြောင်း သိရသည်။

(၄၁၃)



## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၇-၆-၂၀၂၅(သောကြာနေ့)

၁။ ၀၈:၀၀ For Youth

၂။ ၁၀:၀၀ သတင်း/သီချင်း

၃။ ၁၃:၀၀ တိုင်းရင်းသားစကား ပြောကြရအောင်

၄။ ၁၇:၀၀ ထူးခြားထင်ရှား ကမ္ဘာတစ်လွှား

၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ

၆။ ၂၁:၂၀ စာလာတယ်ဗျို့

## MWD Education, Knowledge & Sports Channel

၂၇-၆-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၂၇ | Grade – 9 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၇:၅၇ | Grade – 9 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၇:၅၇ - ၁၈:၅၅ | Grade – 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၈:၅၅ - ၂၀:၃၅ | Grade – 9 | သမိုင်း၊ သိပ္ပံ |

## ပြည်သူများအနေဖြင့် ကိုယ်တိုင်ကိုယ်ကျဆွေးနွေးခြင်း လှူဒါန်းခြင်းတို့ပြုလုပ်နိုင်ပါကြောင်း ကြော်ငြာခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးနှင့်ပတ်သက်၍ ပြည်သူများအနေဖြင့် မိမိကိုယ်တိုင်ကြုံတွေ့ခဲ့ရသည့်အခက်အခဲများ၊ ထိခိုက်ပျက်စီးမှုများကိုလည်းကောင်း၊ မိမိတို့ကိုယ်တိုင်ပါဝင်ခဲ့သည့် ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းအခြေအနေများကိုလည်းကောင်း ဝင်ရောက်ဆွေးနွေးခြင်းနှင့်လျောင်ဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ အလှူပစ္စည်းဆက်သွယ်လှူဒါန်းခြင်းတို့ကို(www.myanmarearthquake.gov.mm)တွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

## နွေစပါးမျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကျင်းပ



**မိတ္ထီလာ ဇွန် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ နွေစပါးမျိုးစေ့ထုတ် စိုက်ဧက ၇၀ စိုက်ပျိုးထားရှိသည့် ကွင်းအမှတ်(၈၅၄)ရှိ တောင်သူ ဦးထွန်းဝင်း၏စိုက်ဧက ၅ ဧက၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နွေစပါးမျိုးစေ့ထုတ် စိုက်ခင်းစံကွက်ရိတ်သိမ်းပွဲအခမ်းအနားကို ဇွန်လ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးနှံစိုက်ခွမ်းအား မြင့်မားရေးအတွက် ကောက်ကွက်ပြည့်မီရေး၊ သွင်းအားစုများ အပြည့်အဝထည့်သွင်း စိုက်ပျိုးရေး၊ မျိုးကွဲနုတ်ပယ်ရေးစသည့် စိုက်ပျိုးရေးနည်းပညာများကိုဆွေးနွေးပြီး မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နွေစပါးများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် နွေစပါးစံကွက်ရိတ်သိမ်းမှုအခြေအနေတို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာမြို့နယ် ဥယျာဉ်ကျေးရွာ တောင်သူ ဦးထွန်းဝင်း၏ စိုက်ဧက ၅ ဧကရှိ နွေစပါး(GW-11) မျိုးစပါးစိုက်ပျိုးထားမှုအား စံကွက်ရိတ်သိမ်းရာ စိုက်ဧက တစ်ဧက စပါးတင်း(အစို) ၁၅၀ ကျော် ထွက်ရှိသည်။

အခမ်းအနားသို့ စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(၆၀၂)

## ၂၀၂၅ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော



**နေပြည်တော် ဇွန် ၂၆**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ်အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၅ ရက်တွင် ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဥတ္တရခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးလင်းက အဖွင့်အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ပုံပုံဇော်နှင့် ဒေါ်ခြူးယမုံတို့က ကမ္ဘာ့အအေးပေးပစ္စည်းများနေ့အထိမ်းအမှတ် ခေါင်းစဉ်နှင့် စွန့်ပစ်အမှိုက် စနစ်တကျခွဲခြားစွန့်ပစ်ခြင်း ခေါင်းစဉ်များဖြင့် ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးချမ်းမြေ့ပိုင်က လျှပ်စစ်ပစ္စည်းများ သုံးစွဲလျှင် အပူလွန်ကဲမှုမဖြစ်စေရန် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက မူးယစ်ဆေးဝါးအမျိုးအစားများနှင့် ဆိုးကျိုးများ၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေများအကြောင်းကို ရှင်းလင်းဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများ၏ မေးမြန်းချက်ကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား ဥတ္တရခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဗဟုသုတ မေးခွန်းများမေးမြန်းပြီး ဖြေကြားနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များပေးအပ်သည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအားပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

(၄၁၃)

## မူးယစ်ကင်းစင်ပပျောက်ဖို့ ပူးပေါင်းတိုက်ဖျက်တားဆီးစို့

❖ လူ့စွမ်းအင် လူ့အရင်းအမြစ်
နှမ်းချုံးရစ် ပျက်ပြုန်းအောင်။
စိတ်ကြွဆူ သောကလှိုက်
ဇောမြိုက်ပူလောင်။
ဘဝဆုံး လူမှုဘောင်
လွှမ်းမှောင်စေ မူးယစ်ဆေး။
ဆွဲဆောင်နိုင် မာယာလှနဲ့
ဒုက္ခတွေပေး။

❖ မူးယစ်ဆို ဘိန်းပင်မ
ကြောက်စရာ့ ရန်စွယ်ပင်။
စိတ်ကြွစေ လှုံ့ဆော်ပေး
တားမြစ်ဆေးစုံလင်။
အကြမ်းဖက် ကျင့်ပျက်ညာဉ်
ပြန့်စိမ့်ဝင် မျိုဝါး။
ပြည့်ဘုံရန် ကမ္ဘာ့ခွင်ဆန့်
တပ်လှန့်ဆီးတား။

❖ အသိမဲ့ကာ လမ်းလွဲလိုက်
ဇွတ်တိုးမိုက် နစ်သူတွေ။
ပြုပြင်ကာ ပုံဖော်လောင်းရင်း
လမ်းကောင်းထွင်ဖွေ။
ဆေးစွဲလို့ နွမ်းညှိုးကြွေ
တည့်မတ်စေ ဘဝလမ်း။
ပျက်အစဉ် ပြင်ခဏာ
လှပအေးချမ်း။

❖ ဆိုးယုတ်ဖွယ် လုပ်ရပ်များ
ဆန့်ကျင်တား အချိန်မီ။
ရွံ့မုန်းစိတ်နာ တိုက်ထုတ်မှ
မြစ်ဖြုတ်နိုင်မည်။
ကိုယ့်လူမျိုး ကိုယ့်တိုင်းပြည်
အကျိုးမျှော်ရည် ကာကွယ်ရင်း။
အမျိုးသားရေး တာဝန်သိနဲ့
အားဖြည့်နှိမ်နင်း။

❖ သယ်ရောင်းဝယ် ထုတ်လုပ်မှု
စောင့်ကြည့်ပြု ဖော်ထုတ်အစဉ်။
ဆက်နွယ်ရာ စဉ်လှမ်းထောက်မှ
ပပျောက်မည်ပင်။
အနာဂတ်ကြေးမုံပြင်
ဆိပ်ခိုးစင် အလှဖြာဖို့။
တိုက်ဖျက်ကြလေ
မိုက်လက်စတွေ မြေလှန်ပစ်ကာပ
မျိုးဖျက်နွံ့ မကျွံနစ်ရအောင်
မျိုးချစ်မာန် ဝိုင်းဝန်းအားနဲ့
မူးယစ်ဆို စဉ်ရှောင်ရှား
တားဆီးကြစို့။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ လျှင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဇလိတာရာမကျောင်းတိုက်ရှိ အဆောက်အအုံအပျက်အစီးများအား ရှင်းလင်းနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် လျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ချမ်းအေးသာစံမြို့နယ် အောက်နန်းရိပ်သာအရှေ့ရပ်ကွက်၌ အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၂၆**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ပတ္တမြားစေတီနှင့် မဟာစေတီလုစေတီတို့အား အဖွဲ့အစည်းအသီးသီးနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီးနောက် အသစ်တစ်ဖန်ပြန်လည်တည်ထားကိုးကွယ်မည့်မြေနေရာအား ပြင်ဆင်ဆောင်ရွက်နေသည့် အခြေအနေများနှင့် မူလမဟာစေတီမှ ရရှိသော ဌာပနာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာပနာများအား စနစ်တကျထိန်းသိမ်းထားရှိရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့ အတွင်းရှိ တောင်ဖီလာလေးကျွန်းဆီမီးစေတီတော်မြတ်ကြီး၊ ဇလိတာရာမကျောင်းတိုက်၊ နဝလောဟာကျောင်းတိုက်နှင့် တောလေးထပ်ကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှု အခြေအနေများ၊ စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော လူနေအဆောက်အအုံများ၊ လမ်းဘေးဝဲ/ယာများရှိငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် အပြိုအပျက်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အပြီးသတ်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လုပ်အားပေးဆောင်ရွက်နေကြသူများကို အားဖြည့်အချိုရည်များပေးအပ်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် စစ်ကိုင်းမြို့အတွင်းရှိ ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေသန့်စက်ယာဉ်ဖြင့် ရေဝတီမြစ်ရေးကို သန့်စင်ပြီး သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဖြူးပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့်တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန် ကျန်ရှိနေသည့် “ A ” ဆောင်အား စက်ယန္တရားကြီးများ အသုံးပြု၍ ဖယ်ရှားရှင်းလင်းရေး လုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေများအားလည်းကောင်း၊ ဖယ်ရှားရှင်းလင်းရာမှ ရှာဖွေတွေ့ရှိသော ပစ္စည်းများအား ပစ္စည်းလက်ခံရှာဖွေ စုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှု၊ သက်ဆိုင်ရာ ပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ချမ်းအေးသာစံမြို့နယ်၊ အလယ်ရပ်ကွက်နှင့် အောက်နန်းရိပ်သာအရှေ့ရပ်ကွက်များသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းဖယ်ရှားနေမှုများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ





မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇွန် ၂၆**

(၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံမှ ပေးပို့သော သဝဏ်လွှာအား ပြည်နယ်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးကျော်သူရက ဖတ်ကြားသည်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဆက်လက်၍ တက်ရောက်လာကြသူများက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဆောင်ရွက်ချက်မှတ်တမ်းဗီဒီယိုကလစ် ဖွင့်လှစ်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အရပ်ဘက်လူမှုကူညီရေးအသင်းအဖွဲ့များကခန်းမအတွင်း ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့်လှုပ်ရှားမှု ဓာတ်ပုံပြခန်းအား ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ၂၀၂၅ ခုနှစ်၊ (၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ)ရဲမှူးကြီးမောင်မောင်အေးက ဖတ်ကြားသည်။ ၎င်းနောက်မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ပေးပို့သည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြိုးပမ်းဆောင်ရွက်မှုမှတ်တမ်း VIDEO CLIP ပြသသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် မူးယစ်ဆေးဝါးအန္တရာယ်ပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# “ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် - Peace Forum 2025 ဆက်လက်ကျင်းပ




နေပြည်တော် ဇွန် ၂၆

**“ငြိမ်းချမ်းရေး၊ ရွေးကောက်ပွဲနှင့် ဖက်ဒရယ်စနစ်တို့ပေါင်းစည်းခြင်းမှ အေးချမ်းသာယာဝပြောသည့် နိုင်ငံတော်သစ်ဆီသို့” သုံးသပ်ဆွေးနွေးပွဲ ငြိမ်းချမ်းရေးဖိုရမ် – Peace Forum 2025** ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်ခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပသည်။

ငြိမ်းချမ်းရေးဖိုရမ်သို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့်လေ့လာသူများ တက်ရောက်ကြပြီး အဖွဲ့ (၂) ဖွဲ့ခွဲ၍ ဆွေးနွေးကြသည်။

နံနက်ပိုင်းဆွေးနွေးမှုတွင် အဖွဲ့ (၁) နှင့် အဖွဲ့ (၂) တို့၏ သဘာပတိများအဖြစ် အဖွဲ့ (၁)၌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ အဖွဲ့ (၂)၌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန် (ငြိမ်း)တို့က ဆောင်ရွက်ကြပြီး **“ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး(နိုင်ငံတော်၏ပကတိအခြေအနေများနှင့် ရွေးကောက်ပွဲ၏ အရေးပါမှု၊ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပပြီး ဂုဏ်သိက္ခာရှိသောလွှတ်တော်ဖော်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်သင့်သောအစီအမံများ)”** ခေါင်းစဉ်ကိုလည်းကောင်း၊ မွန်းလွဲပိုင်းဆွေးနွေးမှုတွင် အဖွဲ့(၁)၌ သဘာပတိအဖြစ် ဒေါက်တာညိုညိုသင်းက ဆောင်ရွက်ပြီး **“ငြိမ်းချမ်းရေး၊ ပွင့်လင်းမြင်သာသောရွေးကောက်ပွဲနှင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရမည့်နည်းလမ်းများကိုဖော်ထုတ်ခြင်း”**၊ အဖွဲ့(၂)၌ သဘာပတိအဖြစ် ဒေါက်တာချောချောစိန်က ဆောင်ရွက်ပြီး **“ရွေးကောက်ပွဲအလွန် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးတွင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့် နိုင်ငံတကာအသိုက်အဝန်းများ၏အခန်းကဏ္ဍကို ဖော်ထုတ်ခြင်း”** ခေါင်းစဉ်တို့ကိုဆွေးနွေးကြပြီး တက်ရောက်လာကြသူများက အမြင်သဘောထားများဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်းများအပေါ် ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။ ငြိမ်းချမ်းရေးဖိုရမ် တတိယနေ့ဆွေးနွေးပွဲအား ဇွန်လ ၂၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ငလျင်ဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခဲ့ကြသည့်တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် ဇွန် ၂၆

ကျောင်းသား၊ ကျောင်းသူများအား ငလျင်ဘေးအန္တရာယ် ကာကွယ်ရေးနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်နိုင်ရန်အတွက်ငလျင်ဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းဝင်းအတွင်း၌ ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြမည့်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ဇာတ်တိုက်လေ့ကျင့်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာသင်ကျောင်းအတွင်း ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေစဉ် အင်အားပြင်းငလျင်လှုပ်ခတ်ခြင်းကြောင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေရာယူခြင်း၊ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့များ၊ ပရဟိတအဖွဲ့များက ငလျင်လှုပ်ခတ်မှုကြောင့်ပြိုကျပျက်စီးသွားသည့် အဆောက်အအုံအတွင်း၌ ထိခိုက်ဒဏ်ရာရ ပိတ်မိနေသူများကို ASR Level အလိုက် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အအုံအတွင်း မီးလောင်မှုဖြစ်ပွားပါက မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အဆောက်အအုံအတွင်း ပိတ်မိနေသည့် လူနာများအပေါ်တွင် အလွန်လေးလံသော အရာဝတ္ထုများ ပိတ်မိနေခြင်းကို မတင်ရွှေ့ပြောင်း ကယ်ဆယ်ခြင်းစနစ် (Lifting and Moving Method)ဖြင့် ကယ်ဆယ်ခြင်း စသည့်သရုပ်ပြဇာတ်တိုက်လေ့ကျင့်နေမှုတို့ကို သရုပ်ပြသကြသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံက ငလျင်ဘေးသဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့ကြသည့် တပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများ ပေးအပ်ပြီး ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးပစ္စည်းများနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၆

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီးနှင့်ပြည်နယ်ခြောက်ခုတို့တွင် ဇွန်လ ၂၆ ရက်အထိ သေဆုံးသူ ၃၇၆၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၈ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဇွန်လ၂၅ ရက် ညနေ ၅ နာရီမှ ယနေ့ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ ICRC ကလှူဒါန်းသည့်ဆေးဝါး ( ၁၇ ဒသမ ၅၄၂ တန်) ရောက်ရှိခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနက လက်ခံရယူကာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၀˚c |
| ရန်ကုန် | ၂၄˚c | / | ၃၀˚c |
| မန္တလေး | ၂၆˚c | / | ၃၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

## တောင်ကြီး၊ ရန်ကုန်၊ မန္တလေးမြို့တို့တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီးခြင်းနှင့် ဓာတုပစ္စည်းများဖျက်ဆီး

**နေပြည်တော်   ဇွန်   ၂၆**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ကျင်းပပြီး တောင်ကြီး၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ၊ ဓာတုပစ္စည်းများဖျက်ဆီးခြင်းကို ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်ထားသည့် ကိုဗစ်-၁၉









ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပကာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ထူးချွန်စွာ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသူများကို ဆုများချီးမြှင့်ကြသည်။

(၃၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းကို နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာမီးပုံးပျံကွင်းနှင့် ဓာတုပစ္စည်းများ မြေမြှုပ်ဖျက်ဆီးခြင်းကို ထီဖောင်းကျေးရွာအုပ်စု စည်ပင်အမှိုက်ကျင်းသွားလမ်းဘေးရှိ ကျောက်ကျင်းဟောင်း၌ ပြုလုပ်ရာ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့်ဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌများ၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်သန့်လွင်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB)မှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကိုယ်စားလှယ်များ၊ ကျောင်းသား၊ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များ၊ မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

အဆိုပါမီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၉၁၉ ကီလိုကျော်၊ ဘိန်းဖြူ ၄၆၁ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၂ သန်းကျော်၊ အိုက်စ် ၅၀၉၃ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၉၇ ကီလိုကျော်၊ ကက်တမင်း ၂၇၁၅ ကီလိုကျော်၊ ဆေးခြောက် ၅၉ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၉ မျိုးနှင့် ဓာတုပစ္စည်း ၁၂ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၃၅၃ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၉၈ သန်းကျော်) ကိုဖျက်ဆီးခဲ့သည်။

ထို့ပြင် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကိုပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့၍ ဆုရရှိသူ ၁၉ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ကြပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြား၍ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ပြည်နယ်မူးယစ်တားဆီး ကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်းများအား လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ကုန်တင်ယာဉ်ရပ်နားကွင်း၌ ဖမ်းဆီးရမိမူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်း အခမ်းအနားပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ သူနာပြုတက္ကသိုလ်နှင့် တိုင်းရင်းသားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ဖမ်းဆီးရမိသော ဘိန်း ၃၅ ကီလိုခန့်၊ ဘိန်းဖြူ ၁၇၃ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၃ သန်းကျော်၊ အိုက်စ် ၁၀၄၇၆ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၃၂ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၁၄ ကီလိုကျော်၊ ကက်တမင်း ၅၇၆၄ ကီလိုကျော်၊ ဆေးခြောက် ၄၀၄ ကီလိုကျော်အပါအဝင်မူးယစ်ဆေးဝါး ၂၅ မျိုးနှင့်ဓာတုပစ္စည်း ၁၁ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၄၂၄ ဘီလီယံခန့် (အမေရိကန်ဒေါ်လာ ၁၁၈ သန်းခန့်)ကို ဖျက်ဆီးခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမတွင်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နံနက် ၁၀ နာရီတွင်ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့၍ ဆုရရှိသူ ၈ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြသည်။

အလားတူ မန္တလေးမြို့တွင်ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီးခြင်းအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်(တောင်)ရပ်ကွက်ရှိလေယာဉ်ကွင်းအဟောင်း၌ နံနက် ၈ နာရီတွင် ပြုလုပ်ရာမန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်(၂) ရဲဗိုလ်ချုပ်အောင်နိုင်သူနှင့် ရဲအရာရှိကြီးများ၊ မန္တလေးမြို့အခြေစိုက်ကောင်စစ်ဝန်ရုံးများမှ ကိုယ်စားလှယ်များနှင့်မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို စွမ်းစွမ်းတမံကြိုးစားဆောင်ရွက်ခဲ့၍ ဆုရရှိသူ ၂၀ တက်ရောက်ခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားခြင်း၊ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ၏ သဝဏ်လွှာကို တိုင်းဒေသကြီး မူးယစ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌက ဖတ်ကြားခြင်း၊ ဆုရရှိသူများကို ဆုချီးမြှင့်ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးပြခန်းများကို လှည့်လည်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံအထက်ပိုင်းဒေသများနှင့် အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၃၈၀ ကီလိုခန့်၊ ဘိန်းဖြူ ၁၁၁၀ ကီလိုခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၅ သန်းကျော်၊ အိုက်စ် ၆၄၁ ကီလိုခန့်၊ စိတ်ပြောင်းဆေးဝါး(Happy Water) ၈၆ ကီလိုကျော်၊ ကက်တမင်း ၉၃ ကီလိုကျော်၊ ဆေးခြောက် ၁၃၄ ကီလိုခန့်အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့် ဓာတုပစ္စည်း ၁၇ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၂၉၅ ဘီလီယံကျော်(အမေရိကန်ဒေါ်လာ ၈၂ သန်းကျော်)ကို ဖျက်ဆီးကြသည်။

ယခုနှစ်တွင် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့၊ မြေမြှုပ်ဖျက်ဆီးခြင်းအစီအစဉ်များကို တောင်ကြီး၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းရှိ တမူး၊ ကသာနှင့် ရွှေဘိုမြို့တို့တွင် ကျင်းပရာ ဘိန်း ၁၃၃၄ ကီလိုကျော်၊ ဘိန်းဖြူ ၁၇၄၄ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၁ သန်းကျော်၊ အိုက်စ် ၁၆၂၁၀ ကီလိုကျော်၊ စိတ်ပြောင်းဆေးဝါး (Happy Water) ၂၁၅ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁၁၄ ကီလိုကျော်၊ ဆေးခြောက် ၅၉၇ ကီလိုကျော်နှင့် ကက်တမင်း ၈၅၇၃ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၆၆ မျိုး စုစုပေါင်းတန်ဖိုး မြန်မာငွေကျပ် ၁၀၇၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၉၇ သန်းကျော်)တို့ကို ဖျက်ဆီးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင်ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအများအပြား ဖမ်းဆီးရမိကာ ဖျက်ဆီးနိုင်ခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ် ဇွန်လ ၁ ရက်မှ ၂၀၂၅ ခုနှစ် မေလ ၃၁ ရက်အထိ တစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၌ ငွေကျပ် ၉၇၂ ဒသမ ၄၆၁ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းများဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများကုန်သွယ်မှု၊ အသုံးပြုမှုနှင့် ထိန်းသိမ်းဆောင်ရွက်မှုများ

**အပိုင်း(၃)**

**ဒေါက်တာလပြည့်ခင်**

**ယမန်နေ့မှအဆက်**


MDMA Tablet များကို “Adam”၊ “Batman”၊ “Bibs”၊ “Blue Kisses”၊ “Blue Nile”၊ “Charity”၊ “Clearity”၊ “Debs”၊ “Decadence” အစရှိသော အမည်အမျိုးမျိုးဖြင့် ရောင်းချခဲ့ကြသည်။ အနောက်နိုင်ငံများတွင် လူငယ်လူရွယ်များကြား၌ ရေပန်းစားတွင်ကျယ်စွာရှိနေသေးပြီး Dancer အကအဖွဲ့ အခင်းအကျင်းများတွင် အဓိကအားဖြင့် အသုံးပြုကြသည်။

MDMA နှင့် MDA တို့သည် ထပ်နေသော်လည်း ကွဲပြားသော အကျိုးသက်ရောက်မှုများရှိသော အလားတူ စိတ်ပိုင်းဆိုင်ရာ တက်ကြွစေသောအရာများဖြစ်သည်။ MDA သည် ၎င်း၏ ပြင်းထန်သော အာရုံစူးစိုက်မှုဆိုင်ရာဂုဏ်သတ္တိများနှင့် စိတ်ကြွစေသော အာနိသင်များကြောင့် လူသိများပြီး MDMA သည် ၎င်း၏ခံစားရစေသော ခံစားမှုနှင့် ပျော်ရွှင်ဖွယ်အတွေ့အကြုံများအတွက် အသိအမှတ်ပြုထားသည်။ ဒြပ်စင်နှစ်ခုစလုံးသည် အာရုံကြောထုတ်လွှင့်မှုစနစ်များ အထူးသဖြင့် Serotonin များအပေါ် သိသိသာသာ သက်ရောက်မှုရှိနိုင်ပြီး ကြာရှည်စွာ သို့မဟုတ် ပြင်းထန်စွာအသုံးပြုခြင်းသည် ဆိုးကျိုးများဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။ သတိလစ်ခြင်း၊ မူးဝေခြင်း၊ တက်ခြင်း၊ အထိတ်တလန့် တိုက်ခိုက်ခံရခြင်း၊ သွေးတိုးခြင်းနှင့် ချွေးအလွန်အမင်းထွက်ခြင်းတို့ ဖြစ်စေနိုင်သည်။ မူးယစ်ဆေးအဆိပ်သင့်မှုသည် ဆေးပမာဏ၊ ဆက်တင်၊ နောက်ဆက်တွဲအမူအကျင့်များနှင့် အခြားအရာများကို ပူးတွဲအသုံးပြုမှုဖြင့် ကွဲပြားနိုင်သည်။

၈။ **1-Phenyl-2-Propanone** (၁-ဖီနိုင်းလ်-၂-ပရိုပန်နုန်း) $C_9H_{10}O$ သည် အော်ဂဲနစ်ပျော်ရည်များတွင်ပျော်ဝင်နိုင်သော အရောင်မဲ့အဆီဖြစ်သည်။ 1-Phenyl-2-Propanone ကို ဆေးပေါင်း စက်ရုံများမှ Amphetamine ၊ Methamphetamine နှင့် Propanehaxidrine ထုတ်လုပ်ရန်အချို့သောဘေးထွက်ပစ္စည်းများ၊ သန့်စင်သောဓာတုဆေးရည်များ ပေါင်းစပ်ထုတ်လုပ်ရာ၌ အသုံးပြုသည်။ Amphetamine နှင့် Methamphetamine အချို့သော ၎င်းတို့၏ဘေးထွက်ပစ္စည်းများထုတ်လုပ်ရာတွင် တရားမဝင်အသုံးပြုသည်။

၉။ **Piperonal** (ပိုင်ပါရိုနယ်လ်) $C_8H_6O_3$ သည် ပန်းနံ့ရသည့်အရောင်မဲ့ပုံဆောင်ခဲဖြစ်ပြီး ယင်းကို အမွှေးနံ့သာများ၊ ချယ်ရီနံ့၊ ဗင်နီယာရနံ့များ၊ အော်ဂဲနစ်ဓာတုပစ္စည်းများနှင့် ခြင်နိုင်ဆေးရည်များထုတ်လုပ်ရာတွင် တစ်စိတ်တစ်ပိုင်းအဖြစ်သုံးပြီး သန့်စင်ဆေးရည်များတွင်ပေါင်းစပ်ထုတ်လုပ်ရာ၌လည်း အသုံးပြုသည်။ Amphetamine၊ MDA (3,4-Methylenedioxyamphetamine)၊ MDE၊ MDMA ၊ Normalhydroxydine၊ Amphetamine (N-OM MDA) အစရှိသည့် စိတ်ကြွဆေးများ၊ စိတ်ပြောင်းဆေးဝါးများထုတ်လုပ်ရာတွင် တရားမဝင်အသုံးပြုကြသည်။

၁၀။ **Pseudoephedrine** (ဆူဒိုအက်ဖီဒရင်း) $C_{10}H_{15}NO$ မှာ ပုံဆောင်ခဲအမှုန့်ဖြစ်ပြီး Ephedrine (အက်ဖီဒရင်း) နှင့်တူသည်။ Streao Isomer တစ်ခုဖြစ်ပြီး Ephedrine နှင့်အတူ ပူးတွဲတွေ့ရသည်။ အသက်ရှူလမ်းကြောင်း သန့်ရှင်းစေသောဆေးဝါးနှင့် နှာခေါင်းသွေးလျှော့ရောဂါကာကွယ်ဆေးများ၊ ပန်းနာရင်ကျပ်နှင့် အအေးမိရောဂါများထုတ်လုပ်ရာတွင်အသုံးပြုပြီး နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သိုင်းရွိုက်ရောဂါများ ကုသရာတွင်သုံးသည်။ Amphetamine၊ Methamphetamine နှင့် Phencyclidine ထုတ်လုပ်ရာ၌လည်း တရားမဝင်အသုံးပြုသည်။



၁၁။ **Safrole** (ဆာဖရိုးလ်) $C_{10}H_{10}O_2$ သည်အရောင်မဲ့ဆီအရည်ဖြစ်ပြီး ယင်းကို အမွှေးနံ့သာပစ္စည်း (ဥပမာ - Piperonal) ထုတ်လုပ်ရာ၌လည်းကောင်း၊ Root Been ဘီကော၊ သွားတိုက်ဆေး၊ ဆပ်ပြာပြုလုပ်ရာတွင်သုံးသည့် ဖန်တီးထားသော ဓာတုဗေဒအဆီများထုတ်လုပ်ရာ၌လည်းကောင်း၊ အချို့သော ဆေးဝါးပြင်ဆင်ရာတွင် ဖြည့်စွက်ပစ္စည်းအဖြစ်လည်းကောင်း၊ အင်းဆက်သတ်ဆေး Piperronyl Butaoxide ပေါင်းစပ်မှုတွင် ရှေ့ပြေးအဖြစ်လည်းကောင်း အသုံးပြုသည်။ စိတ်ကြွဆေးပြား Amphetamine ၊ MDA (3,4-Methylenedioxyamphetamine)၊ MDE, MDMA (3,4-Methylenedioxymethamphetamine)၊ Normal hydroxydine, Amphetamine (N-OM MDA) တို့ တရားမဝင်ထုတ်လုပ်ရာ၌လည်း အသုံးပြုသည်။

၁၂။ **Acetic Anhydride** (အက်စစ်တစ်အင်ဟိုက်ဒရိုက်) $C_4H_6O_3$ သည်အရောင်မရှိ၊ အက်စစ်နံ့ စူးရှသည့် မီးလောင်လွယ်သောအရည်ဖြစ်သည်။ Chloroform နှင့် Ether တွင် ပျော်ဝင်သည်။ အငွေ့သည် အသက်ရှူလမ်းကြောင်း၊ အရေပြားနှင့် မျက်စိတို့ကို ထိခိုက်စေသည်။ Acetone Compound ကို ဓာတုပစ္စည်းနှင့် ဆေးဝါးစက်ရုံများတွင် Cellulose Acetate ထုတ်လုပ်သည်။ ချည်မျှင်အမျိုးမျိုး၊ အအေးခံချွတ်ဆေး၊ သတ္တုပစ္စည်းအရောင်တင်ခြင်း၊ အရည်များခွဲခြားစစ်ယူခြင်း၊ Nitrate ပစ္စည်းကဲ့သို့ Nitric Acid နှင့်ပေါင်းစပ်ခြင်း၊ ဆိုးဆေးများ၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ ထုတ်လုပ်ခြင်း၌ အသုံးပြုသည်။ တရားမဝင်အသုံးပြုပုံမှာ Heroin ထုတ်လုပ်ရာတွင်ဓာတ်ပြုရာ၌ အသုံးပြုသည်၊ Methaqualone နှင့် Mecloqualone ထုတ်လုပ်သည်။ M-acetyl-Anthranilic၊ Alpha-Methyl Phetanine၊ 1-Phenyl-2- Propanone (P2P) ထုတ်လုပ်ရာတွင် ဓာတ်ပြုစေသည်။

၁၃။ **Acetone** (အက်စီတုန်း) $C_3H_6O$ သည် အရောင်မရှိ၊ အနံ့စူးရှ၍ ချိုသောအရသာရှိသော အရည်ဖြစ်ပြီး မီးလောင်လွယ်သဖြင့် မီးလောင်နိုင်သောပစ္စည်းများနှင့် ဝေးဝေးတွင်ထားရသည်။ ရေနှင့် Chloroform တို့ဖြင့် ရောနှောနိုင်သည်။ ခဲတံ၊ ဘောပင်၊ ရေယွန်းနှင့် ပလတ်စတစ်ပစ္စည်းများနှင့်ထိတွေ့ပါက ပျော်ပြီးပျက်စီးနိုင်သည်။ အက်စီတုန်းကို အသုံးများသော ဓာတ်ခွဲခန်းသုံး ဓာတုဆေးရည်များနှင့် ဓာတုပစ္စည်းများ၊ ဆေးဝါးထုတ်သည့်စက်ရုံများ၊ ဘိန်းစမ်းသပ်စစ်ဆေးရာ၌လည်းကောင်း၊ အလှဆီ၊ ကလိုရိုဖောင်းထုတ်လုပ်ရာတွင်လည်းကောင်း ဆက်စပ်အသုံးပြုသည်။ အချိုရည်အမျိုးမျိုး၊ ဆေးဝါးများနှင့် ပိုးသတ်ဆေးများ၊ သုတ်ဆေးများ၊ အရောင်တင်ဆီသုတ်ဆေးများ၊ ပလတ်စတစ်များ၊ ရော်ဘာများ ထုတ်လုပ်ရာတွင် အသုံးများသည်။

ဟီးရိုးအင်း (Heroin) နှင့် ကိုကင်း (Cocaine) ထုတ်လုပ်ရာတွင်ဘိန်းနှင့်ကိုကာရွက်အား Chloroform ဖြင့် ဓာတ်ပြုစေခြင်းဖြင့် အသုံးပြုပြီး Amphetamine နှင့် L.S.D ထုတ်လုပ်ရာ၌ တရားမဝင်အသုံးပြုကြသည်။ အနောက်နိုင်ငံတချို့တွင် ကိုကင်းသည် အပျံ့နှံ့ဆုံး တရားမဝင် မူးယစ်ဆေးဝါးဖြစ်ပြီး ဒုတိယမှာ Cannabinoids ဖြစ်သည်ဟုဆိုသော်လည်း အချို့နိုင်ငံများရှိ လေ့လာမှုများတွင် ကိုကင်းသည် ပျံ့နှံ့မှုနည်းပါးပြီး ဒုတိယအဖြစ်အများဆုံး တရားမဝင်မူးယစ်ဆေးပင် မဟုတ်သည့် Cannabinoids သည် အပျံ့နှံ့ဆုံး မူးယစ်ဆေးဖြစ်ကြောင်း ဖော်ပြတင်ပြလိုက်ရပါသည်။ ။

**MDMA နှင့် MDA တို့သည် ထပ်နေသော်လည်း ကွဲပြားသော အကျိုးသက်ရောက်မှုများရှိသော အလားတူ စိတ်ပိုင်းဆိုင်ရာ တက်ကြွစေသောအရာများဖြစ်သည်။ MDA သည် ၎င်း၏ ပြင်းထန်သော အာရုံစူးစိုက်မှုဆိုင်ရာဂုဏ်သတ္တိများနှင့် စိတ်ကြွစေသော အာနိသင်များကြောင့် လူသိများပြီး MDMA သည် ၎င်း၏ခံစားရစေသော ခံစားမှုနှင့် ပျော်ရွှင်ဖွယ်အတွေ့အကြုံများအတွက် အသိအမှတ်ပြုထားသည်။ ဒြပ်စင်နှစ်ခုစလုံးသည် အာရုံကြောထုတ်လွှင့်မှုစနစ်များ အထူးသဖြင့် Serotonin များအပေါ် သိသိသာသာ သက်ရောက်မှုရှိနိုင်ပြီး ကြာရှည်စွာ သို့မဟုတ် ပြင်းထန်စွာအသုံးပြုခြင်းသည် ဆိုးကျိုးများဖြစ်နိုင်ခြေကို တိုးစေနိုင်သည်။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၆-၂၀၂၅ (သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ စိုက်ပျိုးသုတ
၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄။ ၁၀:၀၀ ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း
၅။ ၁၁:၀၀ မြတ်ဗုဒ္ဓ၏သာသနာ
၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၇။ ၁၃:၀၀ ဝေမျှဆွေးနွေး လူငယ့်အရေး
၈။ ၁၄:၀၀ ပန်းပေါင်းစုံစွာအနုပညာ
၉။ ၁၅:၀၀ ဇာတ်လမ်းတို
၁၀။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှား အားကစား
၁၁။ ၁၇:၀၀ သုတရသစုံလင် ဗဟုသုတပုံပြင်
၁၂။ ၁၈:၃၀ မွေးမြူသုတ
၁၃။ ၁၉:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း အချစ်ဆုံးသူရဲ့ရင်မှာ (ပထမပိုင်း) သရုပ်ဆောင်- ပြေငြိမ်း၊ ရဲအောင်၊ မေဆွိ ဒါရိုက်တာ- အောင်မြင့်မြတ်

# မြန်မာ-နီပေါ နှစ်နိုင်ငံယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် ဇွန် ၂၆

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေး (H.E.Mr. Harishchandra Ghimire) ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိသာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ်(၃၅) ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မတ်လ ၂၈ ရက်တွင် မြန်မာနိုင်ငံ၌လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများကို မြန်မာ-နီပေါ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် နီပေါနိုင်ငံအစိုးရမှ ပြုပြင်မွမ်းမံလှူဒါန်းလိုခြင်းကိစ္စနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် မြန်မာ-နီပေါ နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇ်၊ အမြဲတမ်းအတွင်းဝန် ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

မြဝတီ

# ယခုဘဏ္ဍာရေးနှစ်တွင် တင်သွင်းရန်ကျန်ရှိသောမြေဩဇာနှင့် ပိုးသတ်ဆေးတန်ချိန်များကို ဆက်လက်စိစစ်ထောက်ခံပေးသွားမည်



နေပြည်တော် ဇွန် ၂၆

ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုဘဏ္ဍာရေးနှစ်တွင် တင်သွင်းရန်ကျန်ရှိသော မြေဩဇာနှင့် ပိုးသတ်ဆေးတန်ချိန်များကို ဆက်လက် စိစစ်ထောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ယခုမိုးစပါးရာသီအတွက် သွင်းအားစုလိုအပ်ချက်များ လုံလောက်ရေးအတွက် လိုင်စင်ရရှိပြီးသော ကုမ္ပဏီများ အမြန်တင်သွင်းရန်လိုအပ်ကြောင်း၊ သတ်မှတ်တန်ချိန်အမီ မတင်သွင်းနိုင်သည့် ကုမ္ပဏီများကိုအရေးယူနိုင်ရေး ယခုအစည်းအဝေးတွင် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း၊ ရည်ညွှန်းဈေးနှုန်း ထုတ်ပြန်ပေးမှုအနေဖြင့် သတ်မှတ်ကာလပြည့်ပြီဖြစ်၍ ထပ်မံသတ်မှတ်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားမှုနှင့် ၂၀၂၅ ခုနှစ် မေလနှင့်ဇွန်လတို့တွင် ကုမ္ပဏီအလိုက်ထောက်ခံပေးထားသည့် မြေဩဇာနှင့် ပိုးသတ်ဆေးတန်ချိန်များကိုလည်းကောင်း၊ မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက မြေဩဇာနှင့်ပိုးသတ်ဆေးများ၏ နိုင်ငံတကာဈေးနှုန်းများ၊ ဝယ်ယူဖြန့်ဖြူးရောင်းချအသုံးပြုမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။


မြဝတီ

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဇွန် ၂၆

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ(ဩရိဿပြည်နယ်နှင့် အနောက်ဘင်္ဂလားပြည်နယ်)ကမ်းရိုးတန်းတို့၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟုခန့်မှန်းရသည်။

(မိုး/ဇလ)




# မြစ်ရေကြီးခြင်းသတိပေးချက်

နေပြည်တော် ဇွန် ၂၆


ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးညှင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၁ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၄ ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ည ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၃ ပေကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးညှင်းမြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ညောင်ဦး | ၃၅.၃°C |
| မုံရွာ | ၃၅.၃°C |
| မန္တလေး | ၃၅.၂°C |
| မြင်းခြံ | ၃၅°C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၅°C |
| ညောင်လေးပင် | ၃၅°C |
| ပခုက္ကူ | ၃၅°C |
| ရွှေဘို | ၃၅°C |
| စစ်ကိုင်း | ၃၅°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မိုးညှင်း | (၅.၅၉)လက်မ |
| ပေါင် | (၄.၆၅)လက်မ |
| အင်္ဂပူ | (၂.၄၄)လက်မ |
| ကော့ကရိတ် | (၂.၁၃)လက်မ |
| မူဆယ် | (၁.၉၇)လက်မ |
| မာန်အောင် | (၁.၉၃)လက်မ |
| ကသာ | (၁.၇၈)လက်မ |
| စစ်တွေ | (၁.၇၈)လက်မ |
| ဘီးလင်း | (၁.၆၉)လက်မ |
| ခရမ်း | (၁.၆၁)လက်မ |
| မင်းဘူး | (၁.၅၇)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၃၇.၄°C |
| မြင်းမူ | ၃၅.၉°C |
| ကျောက်ဆည် | ၃၅.၅°C |
| ကျောက်ဆည်(လွန်ကျော်) | ၃၅.၄°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၂ |
| ရှမ်း(မြောက်) | ၂၂ | ၃၀ |
| ရှမ်း(အရှေ့) | ၂၂ | ၃၁ |
| ရှမ်း(တောင်) | ၁၉ | ၂၉ |
| ချင်း | ၁၃ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၃ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၅ |
| နေပြည်တော် | ၂၄ | ၃၀ |
| မန္တလေး | ၂၆ | ၃၅ |
| မကွေး | ၂၄ | ၃၄ |
| ရခိုင် | ၂၁ | ၃၀ |
| ပဲခူး | ၂၂ | ၃၁ |
| ရန်ကုန် | ၂၄ | ၃၀ |
| ဧရာဝတီ | ၂၄ | ၃၀ |
| ကယား | ၂၀ | ၂၈ |
| ကရင် | ၂၃ | ၃၀ |
| မွန် | ၂၃ | ၃၂ |
| တနင်္သာရီ | ၂၃ | ၂၉ |



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko က ရင်းနှီးနွေးထွေးစွာကြိုဆိုနှုတ်ဆက်စဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

ထို့အပြင် ၂၀၂၄ ခုနှစ်တွင်လည်း ဥရောပ-အာရှစီးပွားရေးကော်မရှင် (EEC) ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံကိုလာရောက်ခဲ့ပြီး ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်နိုင်ခဲ့ကြောင်း၊ မြန်မာနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်အကြား ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာအကောင်အထည်ဖော်ရေး ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးများကို မြန်မာနိုင်ငံ၊ နေပြည်တော်တွင် တစ်ကြိမ်၊ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင်တစ်ကြိမ်ပြုလုပ်ပြီး ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ဆက်ဆံမှုတို့ကို မြှင့်တင်နိုင်ခဲ့ကြောင်း၊ ယင်းသည် အပြန်အလှန်ဆက်ဆံရေးမြှင့်တင်ရန်အတွက် အခြေခံအုတ်မြစ်ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေး၊ ကုန်သွယ်ရေး စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ရှာဖွေဖော်ထုတ်ပြီး တိုးမြှင့်ဆောင်ရွက်သွားလိုကြောင်း။

စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေရသည့် ယနေ့နိုင်ငံတကာ အခင်းအကျင်းတွင် ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့သောအခြေအနေများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် စုပေါင်းဆောင်ရွက်သည့်နေရာတွင် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ကြီး၏ အခန်းကဏ္ဍသည် အရေးကြီးကြောင်း၊ ဥရောပ-အာရှစီးပွားရေးသမဂ္ဂသည် ပြင်ပစီးပွားရေးစိန်ခေါ်မှုများနှင့် ပိတ်ဆို့ဒဏ်ခတ်မှုများကြားတွင် မကြာသေးမီနှစ်များအတွင်း တည်ငြိမ်သောတိုးတက်မှုများနှင့် အရေးပါသောအောင်မြင်မှုများကို ပြသနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာတွေ့ရှိရကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏ မိသားစုအဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ရန် များစွာစိတ်အားထက်သန်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံကို ဥရောပ-အာရှစီးပွားရေးသမဂ္ဂ၏လေ့လာသူနိုင်ငံအဖြစ် ဆောလျင်စွာပါဝင်နိုင်ရေးအတွက်အဆွေတော်တို့အနေဖြင့်ထောက်ခံဆောင်ရွက်ပေးပါရန် မိမိအနေဖြင့် အလေးအနက်ထားမေတ္တာရပ်ခံလိုပါကြောင်း။

မိမိတို့နိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့အကြား တည်ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုနှင့် တန်းတူညီမျှမှုတို့အပေါ် အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုကြောင်း၊ အဆွေတော်တို့၏ ပြည်သူပြည်သားများအားလုံး ကျန်းမာချမ်းသာပြီး တိုင်းပြည်သာယာဝပြောတိုးတက်ပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်နိုင်ငံသမ္မတ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံအသီးသီးမှ တက်ရောက်လာကြသည့်နိုင်ငံ့အကြီးအကဲများသည် Minsk International Exhibition Center BELEXPO ရှေ့၌ ခင်းကျင်းပြသထားသည့် ဘယ်လာရုစ်နိုင်ငံမှထုတ်လုပ်ထားသည့် ကမ္ဘာ့အကြီးဆုံးနှင့် အလေးချိန်အများဆုံးသယ်ဆောင်နိုင်သော မိုင်းတွင်းသုံးထရပ်ကားကြီးရှေ့၌ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ ဥရောပ-အာရှစီးပွားရေးဖိုရမ်ကို ၂၀၂၂ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပလျက်ရှိပြီး ဥရောပ-အာရှ စီးပွားရေးသမဂ္ဂ၏ အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ယူသည့် အဖွဲ့ဝင်နိုင်ငံကကြီးမှူး၍ ဥရောပ-အာရှဒေသတွင်း စီးပွားရေးပေါင်းစည်းမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန်ရည်ရွယ်၍ ဖိုရမ်တွင်ဆွေးနွေးမည့် ခေါင်းစဉ်များသတ်မှတ်ကာ ကျင်းပခြင်းဖြစ်ကြောင်း၊ ဖိုရမ်ပထမအကြိမ်ကို ကာဂျစ်စတန်နိုင်ငံ၊ ဘစ်ရှ်ခက်မြို့တွင် ၂၀၂၂ ခုနှစ်ကလည်းကောင်း၊ ဒုတိယအကြိမ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင် ၂၀၂၃ ခုနှစ်ကလည်းကောင်း၊ တတိယအကြိမ်ကို အာမေးနီးယားနိုင်ငံ၊ ယဲရဗန်မြို့တွင် ၂၀၂၄ ခုနှစ်ကလည်းကောင်း အသီးသီးကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဘယ်လာရုစ်သမ္မတနိုင်ငံ၊ မင့်စ်မြို့တွင်ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025)တွင် နိုင်ငံပေါင်း ၃၃ နိုင်ငံမှ လူပေါင်း ၂၇၀၀ ကျော်ပါဝင်တက်ရောက်၍ မျက်နှာစုံညီအစည်းအဝေးများ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ စီးပွားရေးဆွေးနွေးပွဲများဖြင့် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်တွင်ကျင်းပပြုလုပ်သည့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025) တွင် မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် မျက်နှာစုံညီအစည်းအဝေးတွင် ပါဝင်ဆွေးနွေးခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ယနေ့နံနက်ပိုင်းတွင်ပြုလုပ်သည့် ဥရောပ-အာရှဒေသတွင် ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ပေါ်လာစေရေးအတွက် ရွေ့ပြောင်းသွားလာခြင်း၊ ဘက်စုံသယ်ယူပို့ဆောင်ရေးနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနည်းလမ်းများဆိုင်ရာ ဆွေးနွေးမှုအစီအစဉ်တွင်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့ မွန်းလွဲပိုင်းတွင်ပြုလုပ်သည့် စိုက်ပျိုးရေးကဏ္ဍထိရောက်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတွင်ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေးမှုအစီအစဉ်တွင်လည်းကောင်း အသီးသီးပါဝင်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF 2025)သို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများသည် ဘယ်လာရုစ်နိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko က တည်ခင်းဧည့်ခံသည့်ညစာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ EAEU ၏အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko နှင့် နိုင်ငံအသီးသီးမှနိုင်ငံ့အကြီးအကဲများ Minsk International Exhibition Center BELEXPO ရှေ့၌ ခင်းကျင်းပြသထားသည့် ဘယ်လာရုစ်နိုင်ငံမှထုတ်လုပ်ထားသည့် ကမ္ဘာ့အကြီးဆုံးနှင့် အလေးချိန်အများဆုံးသယ်ဆောင်နိုင်သော မိုင်းတွင်းသုံးထရပ်ကားကြီးရှေ့၌ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။




စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးကျင်းပစဉ်။

# မြန်မာနိုင်ငံအနေဖြင့် EAEU ၏လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများကို အလေးထားစိတ်ဝင်စားသကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

**❖ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)၏အခြေခံမှုများတွင် အဖွဲ့ဝင်နိုင်ငံများ၏အချုပ်အခြာအာဏာတူညီမှုနှင့် နယ်နိမိတ်တည်တံ့မှုအပါအဝင် အပြည်ပြည်ဆိုင်ရာ ဥပဒေများကို လေးစားလိုက်နာခြင်း၊ အမျိုးသားအကျိုးစီးပွားကိုလေးစားခြင်းတို့သည် ကမ္ဘာတွင် လက်တွေ့လိုအပ်နေသည့်အရာများပင်ဖြစ်၊ ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများသည် ကမ္ဘာ့နိုင်ငံများ၏ အခြေခံမှုများကို ချိုးဖောက်နေခြင်းပင်ဖြစ် . . .**

★ **ရှေ့ဖုံးမှအဆက်**

(Strategy of the Eurasian Economic Integration: outcomes and prospects) ခေါင်းစဉ်ဖြင့်ကျင်းပခြင်းဖြစ်ပြီး ဖိုရမ်သို့ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့်အတူ ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU) အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၊ ကာဇက်စတန်နိုင်ငံသမ္မတ၊ ကာဂျစ်စတန်နိုင်ငံသမ္မတ၊ EAEU Observers နိုင်ငံဖြစ်သည့် ကျူးဘားနိုင်ငံသမ္မတ၊ ဖိတ်ကြားထားသည့် နိုင်ငံများဖြစ်ကြသည့် မွန်ဂိုလီးယားနိုင်ငံ၊ ယူအေအီးနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီကွာရာဂွာသမ္မတ၏အထူးကိုယ်စားလှယ်တို့ တက်ရောက်ကြပြီး ဥရောပ-အာရှစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို စိတ်ပါဝင်စားသည့်မိတ်ဖက်နိုင်ငံများမှ အစိုးရကိုယ်စားလှယ်များ၊ အကြီးစား၊ အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နိုင်ငံအသီးသီးမှတက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများသည် Minsk International Exhibition Center BELEXPO သို့ ရောက်ရှိကြရာ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ် Mrs. Petkcvich N. V. က ခရီးဦးကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက် စတုတ္ထအကြိမ် ဥရောပ-အာရှ စီးပွားရေးဖိုရမ် (EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးကို ပါဝင်တက်ရောက်ကြရာ ဘယ်လာရုစ်နိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko က တက်ရောက်လာကြသည့် နိုင်ငံ့အကြီးအကဲများကို ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများသည် Plenary Session Hall ၌ နေရာယူကြပြီး "ဥရောပ-အာရှစီးပွားရေးပေါင်းစည်းညီညွတ်ရေး မဟာဗျူဟာ-ရလဒ်များနှင့်အလားအလာများ" (Strategy of the Eurasian Economic Integration: outcomes and prospects) ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ရာ EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတက မိန့်ခွန်းပြောကြားသည်။ ယင်းနောက် EAEU အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် အာမေနီးယားနိုင်ငံ၊ ကာဇက်စတန်နိုင်ငံ၊ ကာဂျစ်စတန်နိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ မိတ်ဖက်နိုင်ငံဖြစ်သည့် ကျူးဘားနိုင်ငံသမ္မတ၊ ဥရောပ-အာရှစီးပွားရေးကော်မရှင်(EEC)ဘုတ်အဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် နီကွာရာဂွာသမ္မတ၏ အထူးကိုယ်စားလှယ်တို့က မိန့်ခွန်းများ အသီးသီးပြောကြားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိန့်ခွန်းပြောကြားရာတွင် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ (EAEU)သည် စတင်ဖွဲ့စည်းထူထောင်ခဲ့သည့် ၂၀၁၅ ခုနှစ်ကတည်းက အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်စေရန်နှင့် လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်စေရန်ရည်ရွယ်ပြီး ဖွဲ့စည်းထူထောင်ခဲ့ကြောင်း၊ အဆိုပါရည်ရွယ်ချက်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဖိတ်ကြားခြင်းခံရသည့်နိုင်ငံများအပါအဝင် နိုင်ငံတကာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သည့် ဥရောပ-အာရှစီးပွားရေးဖိုရမ် (EEF)ကို ကျင်းပခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုပါက စတုတ္ထအကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ယခုဖိုရမ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂ




EAEU ၏ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Grigoryevich Lukashenko စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။




ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင် စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။




ဥရောပ-အာရှစီးပွားရေးကော်မရှင် (EEC) ဘုတ်အဖွဲ့ဥက္ကဋ္ဌ Mr.Bakytzhan Abdirovich Sagintayev စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။

**❖ စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေရသည့် ယနေ့နိုင်ငံတကာ အခင်းအကျင်းတွင် ခြိမ်းခြောက်မှုများကို ကျော်လွှားနိုင်ရန်အတွက် မိမိတို့အနေဖြင့် စုပေါင်းဆောင်ရွက်ကြရမည်ဖြစ်၊ စုပေါင်းဆောင်ရွက်သည့်နေရာတွင် ဥရောပ-အာရှစီးပွားရေးသမဂ္ဂအဖွဲ့ကြီး၏ အခန်းကဏ္ဍသည် အရေးကြီး၊ ဥရောပ-အာရှစီးပွားရေးသမဂ္ဂသည် ပြင်ပစီးပွားရေး စိန်ခေါ်မှုများနှင့် ပိတ်ဆို့ဒဏ်ခတ်မှုများကြားတွင် မကြာသေးမီနှစ်များအတွင်း တည်ငြိမ်သောတိုးတက်မှုများနှင့် အရေးပါသောအောင်မြင်မှုများကို ပြသနိုင်ခဲ့သည်ကို ဝမ်းမြောက်စွာတွေ့ရှိရ . . .**

(EAEU)အနေဖြင့်ပြောင်းလဲနေသည့် ကမ္ဘာ့ပတ်ဝန်းကျင်နှင့်အညီ နိုင်ငံတကာအခန်းကဏ္ဍမြှင့်တင်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့်စွမ်းအင်ကဏ္ဍပလက်ဖောင်းတစ်ခုပေါ်ထွက်ရေး၊ အပြည်ပြည်ဆိုင်ရာငွေပေးချေမှုစနစ်မြှင့်တင်ရေး၊ လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်(FTA)များ ပေါ်ထွက်လာရေး၊ ဖွံ့ဖြိုးမှုကဏ္ဍအသီးသီးတွင်ရင်းနှီးမြှုပ်နှံမှုလွယ်ကူချောမွေ့စေရေး၊ ငွေကြေးဆိုင်ရာ အထောက်အကူပြုနည်းလမ်းများတိုးတက်လာရေးတို့ကို တိုးတက်အကောင်အထည်ဖော်နိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွံ့ဖြိုးတိုးတက်သည့်လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် ပေါင်းစည်းညီညွတ်မှုရှိသည့် ဒေသတွင်းအဖွဲ့အစည်းတစ်ခုကို အပြန်အလှန်လေးစားမှုဖြင့် တည်ဆောက်သွားရန်လိုအပ်ကြောင်း။

ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)၏ အခြေခံမူများတွင် အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာတူညီမှုနှင့် နယ်နိမိတ်တည်တံ့မှုအပါအဝင် အပြည်ပြည်ဆိုင်ရာဥပဒေများကို လေးစားလိုက်နာခြင်း၊ အမျိုးသားအကျိုးစီးပွားကိုလေးစားခြင်းတို့သည် ကမ္ဘာတွင် လက်တွေ့လိုအပ်နေသည့်အရာများပင်ဖြစ်ကြောင်း၊ ယနေ့ကမ္ဘာတွင် အင်အားကြီးနိုင်ငံများက နိုင်ငံငယ်များအပေါ် နိုင်ငံရေး၊ စီးပွားရေးအရ ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများသည် ကမ္ဘာ့နိုင်ငံများ၏အခြေခံမူများကို ချိုးဖောက်နေခြင်းပင်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရှိသင့်ရှိထိုက်သည့်ကောင်းမွန်သည့်အခြေခံမူများကိုအလေးထားပြီး ကမ္ဘာ့နိုင်ငံများ၏ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နေသည့်ဥရောပ-အာရှစီးပွားရေးသမဂ္ဂ(EAEU)၏လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများအတွက် မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ထောက်ခံကြောင်းကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EAEU ၏လုပ်ဆောင်ချက်များ၊ အောင်မြင်မှုများကို အလေးထားစိတ်ဝင်စားသကဲ့သို့ပူးပေါင်းဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက်လည်း အဆွေတော်သဘာပတိကြီးနှင့် အဖွဲ့ဝင်နိုင်ငံများ၊ ဥရောပ-အာရှစီးပွားရေးကောင်စီရုံးချုပ်တို့က ဆောင်ရွက်ပေးမည်ဟုလည်း မျှော်လင့်ပါကြောင်း။

ယခုစတုတ္ထအကြိမ်မြောက် ဖိုရမ်တွင် ဖိုရမ်၏ခေါင်းစဉ်ဖြစ်သည့် "ဥရောပ-အာရှစီးပွားရေးပေါင်းစည်းညီညွတ်ရေးမဟာဗျူဟာ - ရလဒ်များနှင့် အလားအလာများ" သည် အချိန်အခါနှင့်ကိုက်ညီသည့် ခေါင်းစဉ်ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း၊ အဆွေတော် ဘယ်လာရုစ်သမ္မတကြီး၏ ခေါင်းဆောင်မှုအောက်တွင် စတုတ္ထအကြိမ်မြောက် ဥရောပ-အာရှစီးပွားရေးဖိုရမ်သည် နိုင်ငံများအချင်းချင်း အပြန်အလှန်ယုံကြည်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုစသည့် ရလဒ်ကောင်းများရရှိစေမည်ကို အပြည့်အဝယုံကြည်ပါကြောင်း။

မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးသမဂ္ဂတို့အကြား ထိတွေ့ဆက်ဆံမှုသည် ၂၀၂၂ ခုနှစ်က စတင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ ဖိတ်ကြားချက်အရ EAEU နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်(EEC)၏ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် မြန်မာနိုင်ငံကို လာရောက်ခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍ စသည့်ကဏ္ဍပေါင်းစုံကို ကျယ်ပြန့်စွာဆွေးနွေးနိုင်ခဲ့ကြောင်း၊ ထိတွေ့ဆက်ဆံမှုသည် ၂၀၂၃ ခုနှစ်ကစပြီး အရှိန်အဟုန်မြင့်တက်လာခဲ့ကြောင်း၊ ထိုစဉ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၂၆)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာစီးပွားရေးဖိုရမ်တွင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့အကြား **စာမျက်နှာ ၁၅ သို့** ✭



စတုတ္ထအကြိမ် ဥရောပ-အာရှစီးပွားရေးဖိုရမ်(EEF 2025)၏ မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attends the fourth Eurasian Economic Forum (EEF) 2025 in Minsk, Republic of Belarus




Senior General Min Aung Hlaing delivers address at the fourth Eurasian Economic Forum (EEF).

NAY PYI TAW June 26

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the plenary session of the fourth Eurasian Economic Forum (EEF) 2025 at Minsk International Exhibition Center BELEXPO in Minsk, the Republic of Belarus this evening.

Held under the theme "Strategy of the Eurasian Economic Integration: outcomes and prospects", the forum was attended by the President of Belarus, the EAEU rotating chairman, alongside the presidents from the member countries, Russian Federation, Kazakhstan, Kyrgyzstan, the president of EAEU observer country, Cuba, representatives of invited countries, Mongolia and UAE, the Chairman of the State Administration Council Prime Minister of Republic of Union of Myanmar, and special envoy of the President of Nicaragua. Government representatives of dialogue partners interested in Eurasian Economic Integration, MSME entrepreneurs, and representatives of international organizations were also present.

The Senior General and the heads of states attending the forum arrived at the venue and were welcomed by Deputy Prime Minister of Belarus Mrs. Petkcvich N. V.

Then, President of the Republic of Belarus H.E. Mr. Alexander Grigoryevich Lukashenko warmly greeted the heads of states.

The attendees took positions at the Plenary Session Hall, and the forum commenced under its theme, with an address by the Belarusian President, the rotating chairman of EAEU. Heads of states of EAEU countries, Armenia, Kazakhstan, Kyrgyzstan and Russia, the president of dialogue partner Cuba, the Chair of the Board of Eurasian Economic Commission, the Senior General and the special envoy of Nicaraguan President delivered addresses.

In his address, the Senior General said EAEU was set up in 2015 with the aim of promoting economic cooperation among its member countries and improving their living standards. EEF has been holding in accord with the said goals, with the participation of members, observers and invited countries, and businesspersons, and the present forum is the fourth one. Through its forums and cooperation with international bodies and community, EAEU has been implementing the tasks of promoting the international role in accord with changing global environment, laying the foundation for transport and energy sectors, improving international financial transaction system, realizing an FTA, facilitating investments in development sectors, and developing financial assistance methods. All should set up a united and integrated regional organization with mutual respects in establishing a developed social organization.

The basic principles of EAEU include the observance of international laws including sovereign equality and territorial integrity and the respect for national interest, and they are actual requirements of the world. The acts of powers to exert political and economic pressures on small countries amount to violating the basic principles of the world countries. Myanmar expresses pleasure and support for the actions and success of EAEU in materializing the global development, while prioritizing the noble basic principles.




Senior General Min Aung Hlaing and Heads of States take part in the Forum.

As Myanmar is keenly interested in the success of EAEU, it will enhance its cooperation with the body. The country has expectations that the meeting chair, member countries and EEF Council Office will render

See Page - 19

From Page - 18

assistance to reach this end.

At this Fourth Forum, I would like to express that the theme of the Forum, "The Greater Eurasian Economic Integration Strategy – Outcomes and Prospects," is a timely and appropriate topic. Under the leadership of the His Excellency President of Belarus, we are fully confident that the Fourth Eurasian Economic Forum will bring about positive outcomes such as mutual trust, friendship, and cooperation among the participating countries.

The contact between Myanmar and the Eurasian Economic Union (EAEU) began in 2022. At the invitation of Myanmar, a delegation from the EAEU and the Eurasian Economic Commission (EEC) visited the country and held extensive discussions with relevant ministries covering various sectors such as electricity and energy, agriculture, education, and transportation. The engagement gained momentum starting in 2023, during which a Memorandum of Understanding on cooperation was signed between Myanmar and the Eurasian Economic Commission at the 26th Saint Petersburg International Economic Forum held in the Russian Federation.

Moreover, a delegation from the Eurasian Economic Commission (EEC) also visited Myanmar in 2024, resulting in the acceleration of multi-sectoral cooperation. Joint coordination meetings for the implementation of the Memorandum of Cooperation between Myanmar and the Eurasian Economic Commission were held—once in Nay Pyi Taw, Myanmar, and once in Saint Petersburg, Russia. These meetings helped to strengthen collaboration and communication, laying the foundation for enhancing mutual relations. It is necessary to explore and promote potential areas of cooperation with the member countries of the Eurasian Economic Union, particularly in sectors such as economy and trade.

In today's international landscape, which is fraught with numerous challenges, it is essential that we work together in order to overcome threats. In this collective effort to confront and overcome such situations, the role of the Eurasian Economic Union (EAEU) is of great importance. It is encouraging to see that the EAEU has demonstrated steady progress and notable successes in recent years, despite facing external economic challenges and sanctions.

Myanmar is also very enthusiastic about becoming a member country of the Eurasian Economic Union (EAEU). I earnestly request your kind support in facilitating Myanmar's swift participation as an observer country in the EAEU.

Cooperation would continue actively based on the existing friendly relations, mutual respect, mutually beneficial collaboration, and equality between Myanmar and the Eurasian Economic Union (EAEU).

After the meeting, the Rotating Chair of EAEU President of the Republic of Belarus, the Senior General and Heads of State from countries had documentary photos taken in front of a mining-used truck before the Minsk International Exhibition Center BELEXPO.

The Europe-Asia Economic Forum has been held annually since 2022, hosted by the member state serving as the rotating chair of the Eurasian Economic Union (EAEU). The forum is organized with the aim of enhancing economic integration and cooperation within the Europe-Asia region, with discussion topics set in advance to align with this goal. The first forum took place in 2022 in Bishkek, Kyrgyzstan; the second in 2023 in Moscow, the Russian Federation; and the third in 2024 in Yerevan, Armenia. The fourth Europe-Asia Economic Forum (EEF 2025) is currently being held in Minsk, the Republic of Belarus, with over 2,700 participants from 33 countries attending. The forum features plenary sessions, roundtable discussions, and business meetings that are continuing throughout the event.

At the 4th Europe-Asia Economic Forum (EEF 2025) held this year, the Chairman of the State Administration Council, Prime Minister of Myanmar participated in a plenary session discussion. Member of the Myanmar delegation Union Minister for Investment and Foreign Economic Relations Dr Kan Zaw also took part in the morning session discussing migration, multimodal transport, and digital transformation strategies to establish a sustainable long-term transportation system in the Europe-Asia region. In the afternoon session, Dr Aung Gyi, Deputy Minister for Agriculture, Livestock and Irrigation, participated in the discussion on cooperation within the Europe-Asia Economic Union for effective development of the agriculture sector.

In the evening, the Senior General and Heads of State from countries attending to the EEF 2025 had dinner hosted by Belarusian President H.E. Mr. Alexander Grigoryevich Lukashenko.

**100**

From Page - 21

be a push to implement the cooperation between Myanmar and Eurasian Economic Union (EAEU) countries. Myanmar and the EAEU signed a memorandum of understanding for cooperation in 2023. Moreover, the government of the Union of Myanmar and the EEC a memorandum of cooperation-MOC was signed at St Petersburg in the Russian Federation in June, 2023. It could be seen that there were many opportunities to cooperate between Myanmar and EAEU countries. It was believed that Myanmar would become an observer of the EAEU through implementation of the MOC. Myanmar would be able to broaden the cooperation by practical implementation.

Then, the Senior General and the chairman frankly exchanged views on matters related to promotion of economic cooperation between Myanmar and EAEU countries, technical cooperation for enhancement of the agriculture, transportation, mining technology and energy sectors of Myanmar, direct trade and investment between Myanmar and EAEU countries, accelerating the momentum of economic and trade opportunities by holding expos and forums, assistance for Myanmar to become an observer of the EAEU and implementation of the potentials of economic cooperation.

Also present together with the Senior General were SAC Joint Secretary General Ye Win Oo, SAC Member General Nyo Saw, Deputy Prime Minister and Union Minister for Foreign Affairs U Than Swe, Union Minister for Investment and Foreign Economic Relations Dr Kan Zaw, deputy ministers, Myanmar Ambassador to the Republic of Belarus U Thit Lin Ohn and officials while the chairman was accompanied by EAEU officials.

**100**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

3. **The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Situation in Middle East calming down - Putin

MINSK June 26

The situation in the Middle East is calming down, Russian President Vladimir Putin said on Thursday.

"God willing, the situation in the Middle East is calming down now. The conflict between Israel and Iran is also in the past, thank God. This means that it will be possible to develop relations with all countries in the region, including Iran," Putin said.

The movement towards regional financial institutions in the world will only accelerate if frozen Russian assets are confiscated, Vladimir Putin said.

"By the way, as we all know well, it is no secret that a significant amount of our Russian gold and foreign exchange reserves are frozen in Western banks. And they are constantly saying that they are going to steal our money, as soon as this happens, the movement towards the regionalization of payment systems will certainly accelerate and become irreversible, and this is generally beneficial for the global economy," Putin said.

The freezing of Russia's gold and foreign exchange assets in the West is actual robbery, Putin added.

The EAEU countries are jointly making efforts to integrate their financial infrastructure, Putin said.



"The five countries are jointly making efforts to integrate financial infrastructure. The concept of forming a common financial market of the union has been approved. The Eurasian Development Bank and the Eurasian Fund for Stabilization and Development have been established," Putin said at a meeting of the Eurasian Economic Forum in Minsk.

The EAEU financial institutions maintain contacts with the New BRICS Development Bank and the Asian Development Bank, the Russian President said.

**Sputnik**

# Russia initiates creation of international BRICS scientific databases

MOSCOW June 26

Russia has initiated the development of joint BRICS scientific databases, which will allow half of humanity to consolidate its scientific resources and accelerate breakthrough research, Russian Deputy Minister of Education and Science Konstantin Mogilevsky said.

Mogilevsky chaired Russia's delegation to the 13th meeting of BRICS ministers of science, technology, and innovation in Brazil on Wednesday, where the participants discussed key steps to strengthen the scientific sovereignty of the BRICS countries.

"BRICS represents more than half of humanity, and the BRICS countries have a natural competitive advantage in this regard. It is certainly necessary to use it: we are raising the issue of creating international databases under BRICS - on medicine, genetics, and materials science," Mogilevsky said at the summit, as quoted by his ministry's press service in a news release on Thursday.

He added that this topic will be discussed within a specialized BRICS working group on biomedicine and biotechnology.

**Sputnik**

# 4 killed, 19 injured in rain-related accidents in Pakistan's Punjab



ISLAMABAD June 26

At least four people were killed and 19 others injured in rain-related accidents in Pakistan's eastern Punjab province over the past 24 hours, the Provincial Disaster Management Authority (PDMA) said Thursday.

The disaster authority urged residents to take precautionary measures and announced financial assistance for the victims' families in line with a government policy.

The Pakistan Meteorological Department has forecast continued monsoon rains across the country until July 1, warning of 25 percent above-normal rainfall this season, increasing the risk of urban flooding, especially in low-lying areas.

**Xinhua**

## Nearly 20 killed in stampede at high school in Central African Republic's capital

BANGUI June 26

Nearly 20 people were killed and several others injured in a stampede triggered by a power transformer explosion at Barthelemy Boganda High School in Bangui, the capital of the Central African Republic (CAR), on Wednesday, the country's National Assembly said in a statement on Thursday.

The National Assembly said the explosion caused panic among exam candidates, resulting in a stampede as they attempted to flee. The victims were taken to various medical facilities in the capital.

The two examination centers at the school were assigned a total of 5,311 candidates. So far, an official and comprehensive casualty report has yet to be released. Local media reported that the accident claimed the lives of at least 29 students.

According to a statement issued Wednesday by the Ministry of National Education, following a technical malfunction earlier in the day, a team from EnergieCentrafricaine (ENERCA) was dispatched to carry out repair work. The explosion occurred when power was being restored.

In a video address, CAR President Faustin-Archange Touadera declared a three-day national mourning period starting Thursday, in memory of the victims of the tragic explosion.

**Xinhua**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Chairman of EEC Board Mr. Bakytzhan Abdirovich Sagintayev



NAY PYI TAW June 26

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing held discussions with Chairman of the Eurasian Economic Council (EEC) Board Mr. Bakytzhan Abdirovich Sagintayev at the Minsk International Exhibition Centre BELEXPO this morning.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing holds talks with Chairman of EEC Board Mr. Bakytzhan Abdirovich Sagintayev.

First, the Senior General was warmly greeted by the chairman of the EEC.

Then, the talks started and the chairman said he cordially greeted the Senior General and delegation, saying further cooperation would be enhanced as the Senior General attended the fourth Eurasian Economic Forum (EEF 2025).

Then, the Senior General said he believed the talks would

See Page - 19●●

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing visits Belmedpreparaty Pharmaceutical Factory in Minsk, Belarus

NAY PYI TAW June 26

The high-level Myanmar delegation, led by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, who is currently visiting the Republic of Belarus, toured the Belmedpreparaty pharmaceutical factory in Minsk this morning.

Upon arrival at the factory, the Senior General and the delegation members were welcomed and greeted by Mr. Aliaksandr Khajayeu, the Minister of Health of Belarus, and officials from the factory.

Following this, the Senior General and the delegation observed the medical support vehicles displayed in front of the factory. They engaged in discussions, asking questions and exchanging views on the presentations provided.

Subsequently, they toured the exhibition halls showcasing medicines produced in Belarus and medical equipment used in treatments. They further discussed the displays, seeking clarifications and exchanging insights.



Senior General Min Aung Hlaing looks around the exhibition halls where medicines manufactured in Belarus and medical equipment are displayed.



Senior General Min Aung Hlaing hears a report on products of Belmedpreparaty pharmaceutical factory.

Afterward, the Senior General, and the delegation met with the Belarusian Minister of Health and his team in the factory's conference room. They discussed potential collaborations in the health sector between the two countries, the use of Belarusian medicines and medical supplies in Myanmar's healthcare system, and detailed follow-up discussions between officials from Belmedpreparaty factory and Myanmar's health authorities.

After the meeting, the Senior General, and the Belarusian Minister of Health exchanged gifts.

The delegation then toured the Belmedpreparaty factory, observing the various stages of pharmaceutical production. They asked questions and discussed the explanations provided by the factory officials.

Belmedpreparaty is the largest pharmaceutical factory in Belarus, located in Minsk, with over 2,100 employees.

100

# တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အခွန်ရငွေတိုးတက်ရရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ




နေပြည်တော် ဇွန် ၂၆

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏ အခွန်ရငွေတိုးတက်ရရှိစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံတွင် အခွန်အကောက်စနစ်ကို ပြည်ထောင်စုအစိုးရက ကောက်ခံသည့်အခွန်အခများ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရများက ကောက်ခံသည့်အခွန်အခများနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများက ကောက်ခံသည့်အခွန်အခများဟူ၍ အဆင့်သုံးဆင့်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခွန်ကောက်ခံရာ၌ နိုင်ငံတော်အတွက် အခွန်အပြည့်အဝရရှိစေရေးနှင့်ပြည်သူများအတွက်အခွန်ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် “အခွန်ကောက်ခံရာတွင် အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခံခြင်းမပြုဘဲ ရသင့်ရထိုက်သည့်အခွန်နယ်ပယ်ကိုချဲ့ထွင်၍ ထိထိရောက်ရောက်ဆောင်ရွက်ခဲ့သည့်အတွက် အခွန်ရရှိမှုတိုးတက်လာသည်ကိုတွေ့ရကြောင်း၊ အခွန်နှင့်စပ်လျဉ်းပြီး တာဝန်ရှိသည့်ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန်လိုကြောင်း”ကို လမ်းညွှန်မှုပြုခဲ့သည့်အပြင် “အခွန်အခများကောက်ယူရာတွင် အခွန်အား တိုးမြှင့်ကောက်ခံခြင်းမပြုဘဲ ယခင်ရှိပြီးအခွန်နှုန်းထားများအတိုင်း ရသင့်ရထိုက်သောနယ်ပယ်အလိုက် အခွန်များမကျန်ရှိအောင် ကောက်ခံခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း” ကို လမ်းညွှန်မှုပြုခဲ့ကြောင်း။

အဆိုပါလမ်းညွှန်ချက်များနှင့်အညီ အခွန်ကောက်ခံမှု လုပ်ငန်းစဉ်များကို ပိုမိုထိရောက်ကောင်းမွန်စွာဆောင်ရွက်နိုင်ရေးအတွက် အဆင့်ဆင့်သောအခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ပြည်ထောင်စုအစိုးရက ကောက်ခံရရှိသည့်အခွန်ငွေများထဲမှ အခွန်ဝေစုကို နှစ်လတ်ဘဏ္ဍာရေးမူဘောင်အရ တိုင်းဒေသကြီး/ပြည်နယ်များ၏ ဘဏ္ဍာရန်ပုံငွေများသို့ လွှဲပြောင်းပေးသွင်းထောက်ပံ့ပေးလျက်ရှိကြောင်း၊ နောင်ကာလများတွင် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် မိမိတို့တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကောက်ခံရရှိသည့်အခွန်များနှင့် ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြရန်ဖြစ်ကြောင်း၊ ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၏အခွန်ရငွေတိုးတက်ရရှိလာစေရေးအတွက် ဆောင်ရွက်မည့် အစီအမံများနှင့် ပစ္စည်းခွန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြရန်ဖြစ်ကြောင်း။

ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်အတွင်းရှိ မြို့တို့တွင် ဌာနဆိုင်ရာအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ လူနေအဆောက်အအုံများ ပြိုကျပျက်စီးခဲ့ခြင်း၊ ပြည်သူများထိခိုက်သေဆုံးခြင်းနှင့် အိုးအိမ်များ ပျက်စီးဆုံးရှုံးခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်အတွက် ဆုံးရှုံးနစ်နာမှုများစွာဖြစ်ပေါ်ခဲ့ရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါငလျင်ဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လျင်မြန်စွာဆက်လက်လုပ်ဆောင်လျက်ရှိရာ လိုအပ်သည့်အသုံးစရိတ်များပိုမိုတိုးမြှင့်သုံးစွဲနေရကြောင်း၊ ယင်းအသုံးစရိတ်များ ကာမိစေရန်နှင့် ဘဏ္ဍာရေးလိုငွေပြမှုများလျှော့ချနိုင်ရန် ပြည်ထောင်စုအနေဖြင့်လည်း ပြည်ထောင်စု၏ အခွန်ကောက်ခံရန်လျာထားချက်များကို ပြည့်မီအောင်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း မိမိတို့ကောက်ခံရန် အခွန်လျာထားချက်များ ပြည့်မီအောင်ကောက်ခံနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် အခွန်ကောက်ခံရန်လျာထားချက်နှင့် ပစ္စည်းခွန်၊ ပစ္စည်းခွန် ထိရောက်စွာကောက်ခံနိုင်မည်ဆိုပါက တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများအနေဖြင့် ပြည်ထောင်စု၏ထောက်ပံ့ငွေအပေါ်မှီခိုရမှုကိုလျှော့ချနိုင်ခြင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် အရေးပါသည့်အခြေခံအဆောက်အဦစီမံကိန်းများအတွက်ရင်းနှီးမြှုပ်နှံရာတွင် ပြန်လည်အသုံးချနိုင်ခြင်း၊ အိမ်ခြံမြေကဏ္ဍတွင် စုပြုံရင်းနှီးမြှုပ်နှံမှုကို တားဆီးနိုင်ပြီး ထုတ်လုပ်မှုကိုအားပေးသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုရရှိလာစေခြင်းစသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။


ယင်းနောက် နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ သယံဇာတရေးရာဝန်ကြီး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများက လက်ရှိကောက်ခံလျက်ရှိသည့် ပစ္စည်းခွန်စနစ်နှင့် မိမိတို့ဒေသအတွင်း ထိရောက်သည့်အခွန်စနစ်များဖြင့် အခွန်တိုးတက်ကောက်ခံရရှိရေး ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြဆွေးနွေးကြသည်။


ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်များတွင် စနစ်တကျအခွန်ကောက်ခံမှုဖြင့် အခွန်ရငွေနှင့် ဂျီဒီပီအချိုးတိုးတက်လာစေရေး၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံလောက်သည့်အသုံးစရိတ်များ တိုးတက်ရရှိရေးနှင့် ပြည်ထောင်စု၏အခွန်ဘဏ္ဍာရငွေအပေါ်မှီခိုမှုကို လျှော့ချနိုင်ရေးတို့အတွက် ထိရောက်သည့်အခွန်စီမံခန့်ခွဲမှုစနစ်များဖြင့် ဒေသအလိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

## အထူးမိုးလေဝသသတင်း

## မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ဇွန်လ ၃၀ ရက်အတွင်း မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်




နေပြည်တော် ဇွန် ၂၆

ယနေ့ ညနေ ၄ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသောလေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှဇွန်လ ၃၀ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# အစာအိမ်ကင်ဆာကို အစောဆုံးအဆင့်မှာပင်ဖော်ထုတ်ပေးမည့် ကမ္ဘာ့ပထမဆုံး AI ပုံစံကို Alibaba ကုမ္ပဏီထုတ်ဖော်ပြသ

**ပေကျင်း၊ နည်းပညာ**

Alibaba Group Holding ကုမ္ပဏီက အစာအိမ်ကင်ဆာကို အစောဆုံးအဆင့်မှာပင်ဖော်ထုတ်ပေးနိုင်စေမည့် AI ပုံစံကို ထုတ်ဖော်ပြသလိုက်ကြောင်းသိရသည်။ အစာအိမ်ကင်ဆာရှာဖွေရေးလုပ်ငန်းစဉ်မှဆင်းသက်လာသောအမည်ဖြစ်သည့် Grape ဟုအမည်ပေးထားသော အဆိုပါစနစ်သည် နက်ရှိုင်းစွာလေ့လာသင်ယူမှုစနစ်တစ်ခုဖြစ်ပြီး သုံးဖက်မြင် CT Scan ဓာတ်ပုံများကို လေ့လာဆန်းစစ်ခြင်းဖြင့် အစာအိမ်ကင်ဆာကို ရှာဖွေဖော်ထုတ်နိုင်ခြင်းဖြစ်သည်။

လက်ရှိအသုံးပြုနေသော အစာအိမ်ကင်ဆာရှာဖွေစစ်ဆေးမှုလုပ်ငန်းစဉ်တွင် အစာအိမ်မှန်ပြောင်းကြည့်သည့် လုပ်ငန်းစဉ်ပါဝင်သည်။ တရုတ်နိုင်ငံ၌ အစာအိမ်မှန်ပြောင်းကြည့်သည့်လုပ်ငန်းစဉ်ကို လုပ်ဆောင်လိုသူမှာ ၃၀ ရာခိုင်နှုန်းမျှသာရှိကြောင်း ကျဲကျန်းကင်ဆာဆေးရုံမှ အစာအိမ်ခွဲစိတ်ဆရာဝန်တစ်ဦးကပြောသည်။

ယခု Alibaba ကုမ္ပဏီကထုတ်ဖော်ပြသလိုက်သော Grape ပုံစံက ဓာတ်ရောင်ခြည် ကျွမ်းကျင်ပညာရှင်များထက်သာလွန်ကာ တုံ့ပြန်နိုင်မှုအပိုင်းတွင် ၈၅ ဒသမ ၁ ရာခိုင်နှုန်းနှင့် တိကျမှုအပိုင်းတွင် ၉၆ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်းတွေ့ရသည်။ တုံ့ပြန်နိုင်စွမ်းဆိုသည်မှာ ရောဂါရှာဖွေတွေ့ရှိနိုင်စွမ်းကိုလည်းကောင်း၊ တိကျမှုဆိုသည်မှာ ကျန်းမာသောလူနာများတွင် မှားယွင်းသောဖော်ထုတ်ချက်ကို ရှောင်ရှားနိုင်စွမ်းကိုလည်းကောင်း ဆိုလိုခြင်းဖြစ်သည်။ ဓာတ်ရောင်ခြည်ကျွမ်းကျင်ပညာရှင်များ၏တုံ့ပြန်နိုင်မှုနှင့် တိကျမှုတို့မှာ ၂၁ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်းစီအသီးသီးရှိသည်။

ယင်းစနစ်ကို Alibaba ကုမ္ပဏီ၏ ဒါမိုအကယ်ဒမီနှင့် ကျဲကျန်းကင်ဆာဆေးရုံတို့ကပူးပေါင်းတီထွင်လိုက်ခြင်းဖြစ်သည်။ ထိုစနစ်သည် ကမ္ဘာတစ်ဝန်း၌ အစာအိမ်ကင်ဆာရှာဖွေမှုကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။ **Ref: SCMP**



# ကမ္ဘာ့ကိုကင်းဈေးကွက် စံချိန်တင်မြင့်မားလာဟု ကုလသမဂ္ဂထုတ်ပြန်

**ဗီယင်နာ၊ မူးယစ်ဆေးဝါး**

ကမ္ဘာပေါ်တွင် ကိုကင်းဈေးကွက်သည် စံချိန်တင်မြင့်မားလာကြောင်း၊ ကိုကင်းထုတ်လုပ်မှု၊ ဖမ်းဆီးရမိမှုနှင့် အသုံးပြုမှုတို့သည်လည်း အလွန်မြင့်မားလာကြောင်း ကုလသမဂ္ဂက ဇွန်လ ၂၆ ရက်တွင် ထုတ်ပြန်ထားသည်။

၂၀၂၃ ခုနှစ်တွင် ကိုကင်းထုတ်လုပ်မှုသည် ၃၇၀၈ တန်ရှိသောကြောင့် ၂၀၂၂ ခုနှစ်အတွင်းထုတ်လုပ်မှုထက် ၃၄ ရာခိုင်နှုန်းနီးပါးမြင့်တက်လာကြောင်း ကုလသမဂ္ဂ၏ မူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုရုံးက ထုတ်ပြန်သော နှစ်ပတ်လည်အစီရင်ခံစာတွင်ဖော်ပြထားသည်။

ယခုကဲ့သို့ ကိုကင်းထုတ်လုပ်မှုများမြင့်မားလာခြင်းသည် ကိုလံဘီယာနိုင်ငံ၌ ကိုကာပင်များတိုးချဲ့စိုက်ပျိုးသည့်ဧရိယာမြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့အတူ ၂၀၂၃ ခုနှစ်အတွင်း ကိုကင်းသိမ်းဆည်းရမိမှုပမာဏသည် ၂၂၇၅ တန်အထိရှိသောကြောင့် ယမန်နှစ်ကထက် ၆၈ ရာခိုင်နှုန်းမြင့်တက်လာကာ ကိုကင်းအသုံးပြုသူအရေအတွက်မှာလည်း ၂၀၁၃ ခုနှစ်တွင် ၁၇ သန်းသာရှိရာမှ ၂၀၂၃ ခုနှစ်တွင် ၂၅ သန်းအထိမြင့်တက်လာကြောင်း သိရသည်။

**Ref: BP**



# အိန္ဒိယက ရုရှားအတွက် ထူးခြားအရေးပါသည့်မိတ်ဖက်နိုင်ငံဖြစ်ဟုဆို

**မော်စကို၊ နိုင်ငံရေး**

အိန္ဒိယနိုင်ငံသည် ရုရှားနိုင်ငံအတွက် ထူးခြားပြီးအရေးပါသည့် မဟာဗျူဟာမြောက်မိတ်ဖက်နိုင်ငံဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက အိန္ဒိယကာကွယ်ရေးဝန်ကြီးနှင့် ဇွန်လ ၂၆ ရက်တွင်တွေ့ဆုံစဉ်ပြောသည်။

ထို့ပြင် အိန္ဒိယနိုင်ငံနှင့်ဆက်ဆံရေးက စစ်ဘက်-နည်းပညာ နယ်ပယ်အထိ တိုးမြင့်ရောက်ရှိလာပြီဖြစ်ကြောင်း တရုတ်နိုင်ငံ ကျင်းတောင်မြို့၌ကျင်းပနေသော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးညီလာခံ၏ဘေးပန်းတွေ့ဆုံမှုတွင် တွေ့ဆုံစဉ် ရုရှားကာကွယ်ရေးဝန်ကြီးက ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံသည် နိုင်ငံအတွက်လိုအပ်နေသော စစ်လက်နက်ပစ္စည်းများအနက် ၆၀ ရာခိုင်နှုန်းကို ရုရှားနိုင်ငံမှတင်သွင်းနေခြင်းဖြစ်သော်လည်း ယခုအခါ ရုရှားနှင့်ပူးပေါင်း၍ ပြည်တွင်း၌ထုတ်လုပ်မှုများ ပိုမိုလုပ်ဆောင်လာလျက်ရှိသည်။ **Ref: RT**

## သတင်းတိုကဏ္ဍ

### ထိုင်းနှင့်ကမ္ဘောဒီးယားခေါင်းဆောင်များက နှစ်နိုင်ငံအငြင်းပွားနယ်စပ်ဒေသများသို့သွားရောက်

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ ခေါင်းဆောင်များက ဇွန်လ ၂၆ ရက်တွင် နှစ်နိုင်ငံနယ်စပ်ရှိ ပိုင်နက်အငြင်းပွားရာဒေသအသီးသီးသို့ သွားရောက်ကြောင်း သိရသည်။ အဆိုပါနှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် နှစ်နိုင်ငံကြားနယ်စပ်အရေးတင်းမာမှုများဖြစ်ပွားနေစဉ် ယခုလို နယ်စပ်ဒေသများသို့သွားခြင်းဖြစ်သည်။

ထိုင်းဝန်ကြီးချုပ် ဖယ်ထုန်ထန်ရှင်နာဝပ်က ကမ္ဘောဒီးယားနိုင်ငံ ပွိုင်ပတ်မြို့ မျက်နှာချင်းဆိုင်ရှိ အာရန်ယာပရာထက်မြို့သို့လည်းကောင်း၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟောင်းဟွန်ဆန်က ထိုင်းနိုင်ငံ ဆူရင်ပြည်နယ်၏ မျက်နှာချင်းဆိုင်ရှိ အိုဒါမင်းချေးပြည်နယ်သို့လည်းကောင်း သွားရောက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်လကုန်ပိုင်းတွင် ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြားရှိ အငြင်းပွားနယ်စပ်ဒေသတွင် နှစ်ဖက်တပ်ဖွဲ့များကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားရာ ကမ္ဘောဒီးယားစစ်သည်တစ်ဦးသေဆုံးပြီးနောက် နှစ်နိုင်ငံကြားဆက်ဆံရေး ယိုယွင်းလာခြင်းဖြစ်သည်။

**Ref: Xinhua**

### ထရမ့်က VOA သတင်းဌာနကိုအပြီးပိတ်သိမ်းရေး ကွန်ဂရက်ကို ထပ်မံတောင်းဆို

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က VOA သတင်းဌာနကို အပြီးပိတ်သိမ်းနိုင်ရေးအတွက် ကွန်ဂရက်ကိုထပ်မံတောင်းဆိုလိုက်ကြောင်းသိရသည်။ ထရမ့်သည် ဇွန်လ ၂၅ ရက်တွင် ကွန်ဂရက်သို့ တောင်းဆိုလိုက်ခြင်းဖြစ်ပြီး ၎င်း၏သမ္မတအဖြစ် ဒုတိယမြောက်သက်တမ်းအတွင်း နှစ်ကြိမ်မြောက်ကြိုးပမ်းမှုဖြစ်သည်။

VOA သတင်းဌာနသည် ဒီမိုကရက်တို့၏အာဘော်ကို ပြန်လည်ဖောက်သည်ချသူဖြစ်ကြောင်း၊ ထို့ကြောင့် ရီပတ်ဘလစ်ကန်များအနေဖြင့် ထိုသတင်းဌာနဆက်လက်တည်ရှိရေးကို အားပေးမှုမပြုသင့်ကြောင်း ထရမ့်ကလူမှုကွန်ရက်တွင် ရေးထားသည်။

အဆိုပါသတင်းဌာနသည် အမေရိကန်အခွန်ထမ်းပြည်သူများ၏ ဒေါ်လာ ၁ ဘီလီယံကို နှစ်စဉ်ဖြုန်းတီးနေသူဖြစ်သောကြောင့် ယင်းဌာနကိုပိတ်သိမ်းရန် အစိုးရစွမ်းဆောင်ရည်ဦးစီးဌာနမှအကြီးအကဲဟောင်းဖြစ်သည့် အီလွန်မက်က ဖေဖော်ဝါရီလတွင် တောင်းဆိုထားခဲ့ဖူးကြောင်း သိရသည်။

**Ref: Xinhua**

### NATO ၏ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်မှုက ရုရှား၏လုံခြုံရေးအပေါ် သက်ရောက်မှုမရှိစေဟုဆို

NATO တပ်ဖွဲ့ကဆုံးဖြတ်လိုက်သည့် ကာကွယ်ရေးအသုံးစရိတ်တိုးမြှင့်ရန်ဆုံးဖြတ်ချက်သည် ရုရှားနိုင်ငံ၏လုံခြုံရေးအပေါ် သက်ရောက်မှုမရှိစေကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ဇွန်လ ၂၆ ရက်တွင်ပြောသည်။

NATO တပ်ဖွဲ့သည် လာမည့်ဆယ်စုနှစ်အတွင်း နိုင်ငံများ၏ GDP မှ ၅ ရာခိုင်နှုန်းကို ကာကွယ်ရေးအသုံးစရိတ်အဖြစ် အသုံးပြုသွားရန် ဇွန်လ ၂၅ ရက်တွင် သဘောတူလိုက်ခြင်းဖြစ်သည်။

သို့သော် ရုရှားနိုင်ငံသည် ရယူလိုသည့်ရည်မှန်းချက်ကို ကိုယ်တိုင်သိရှိကြောင်း၊ ထိုရည်မှန်းချက်ကိုလည်း ဖုံးကွယ်ထားခြင်းမရှိကြောင်း၊ ထိုရည်မှန်းချက်များသည် ကုလသမဂ္ဂ၏ပဋိညာဉ်နှင့် နိုင်ငံတကာဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီဖြစ်ကြောင်း၊ ထို့ကြောင့် ရုရှားက ခြိမ်းခြောက်လာနိုင်သည်ဟူသော အဆိုပြုချက်ဖြင့် NATO တပ်ဖွဲ့က ကာကွယ်ရေးအသုံးစရိတ်ကိုတိုးမြှင့်ခြင်းမှာ ရုရှားနိုင်ငံအပေါ် ကြီးမားသောသက်ရောက်မှုမဖြစ်ကြောင်း လက်ရော့ကပြောသည်။

**Ref: TST**

### ဗီယက်နမ်နိုင်ငံက ကျောင်းသားများအားလုံးကို ကျောင်းလခကင်းလွတ်ခွင့်ပေးမည်

ဗီယက်နမ်နိုင်ငံသည် အစိုးရစာသင်ကျောင်းများတွင် တက်ရောက်ပညာသင်ယူနေသော ကျောင်းသားများအားလုံးကို ကျောင်းလခကင်းလွတ်ခွင့်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ယခုနှစ်စက်တင်ဘာလမှစ၍ ကျောင်းသားများအားလုံးအား ကျောင်းလခကင်းလွတ်ခွင့်ပေးမည့်ဥပဒေကို ဗီယက်နမ်အမျိုးသားလွှတ်တော်က ဇွန်လ ၂၆ ရက်တွင်အတည်ပြုလိုက်ခြင်းဖြစ်သည်။

အဆိုပါဥပဒေအရ အသက်သုံးလမှခြောက်နှစ်အရွယ်ရှိ မူကြိုကျောင်းသားများအားလုံးနှင့် ပထမတန်းမှ ဒွါဒသမတန်းအထိတက်ရောက်နေသည့် ကျောင်းသားများအားလုံးသည် ကျောင်းလခကင်းလွတ်ခွင့်ရရှိမည်ဖြစ်သည်။

အလားတူ ပုဂ္ဂလိကကျောင်းများတွင် ပညာသင်ယူနေသည့် ကျောင်းသားများအတွက်လည်း အစိုးရကကျောင်းလခများပေးမည်ဖြစ်သည်။ ထိုအစီအစဉ်အတွက် ဗီယက်နမ်ဒေါင် ၃၀ ဒသမ ၆ ထရီလီယံအသုံးပြုသွားမည်ဖြစ်သည်။ **Ref: Xinhua**

# မြစ်ကြီးနားမြို့နှင့်ကျောက်တန်းမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇွန် ၂၆

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၀ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော် ဆေးရုံသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပီလခတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ပီလခတ်ကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ ၁၂၀ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအားတွေ့ဆုံ




မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။

နေပြည်တော် ဇွန် ၂၆

ရေဝတီတိုင်းဒေသကြီး၊ မြို့နယ်(၂၆)မြို့နယ်မှ မြို့နယ်စစ်မှုထမ်းဟောင်းအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးကျော်ထက်နှင့်အဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ရေဝတီခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌက မိတ်ဆက်သြဝါဒစကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဗိုလ်ချုပ်စန်းမြင့်(အငြိမ်းစား)နှင့် တွဲဖက်အတွင်းရေးမှူး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(အငြိမ်းစား)တို့က စစ်မှုထမ်းဟောင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဗိုလ်ချုပ်ကြီးခင်အောင်မြင့်(အငြိမ်းစား)နှင့်တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများနှင့်အသုံးအဆောင်ပစ္စည်းများ ပေးအပ်ရာ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူများက လက်ခံရယူပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဇွန် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အဖွဲ့ဝင်များက တိုင်းစစ်ဌာနချုပ်ရှိ ခရေရိပ်သာ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် သက်ရောက်မှုရှိခဲ့သည့် ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇွန် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟာရီရှ်ချန်ဒရာ ဂီမီရေးအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီးနောက် သက်ရောက်မှုရှိခဲ့သည့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအမြင်ချင်း ဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ပိုမိုခိုင်မာစေရန် အတူတကွ ဆက်လက်လုပ်ဆောင်သွားကြရန် သဘောတူညီခဲ့ကြကြောင်း သိရသည်။ မြဝတီ

# မိုးရွာတာကို ထီးဆောင်းပြီး ကာပါ

ပါမောက္ခဒေါက်တာခင်ဖြူပြာ

**"မိုးရွာထဲမှာ ထီးမဆောင်းဘူးဆိုရင် အအေးမိမှာတော့ ရာနှုန်းပြည့်သေချာပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံး ရတဲ့ထီးဆောင်းပြီး မိုးကို ကာရပါမယ်။ မိုးသဲကြီးမဲကြီးရွာရင် ဘယ်ထီးမှမလုံပါဘူး၊ ဆိုလိုတာက တုပ်ကွေးပိုးက အားပြင်းရင် ကာကွယ်နိုင်စွမ်းအား လျော့သွားပါတယ်။ ဒီသဘောတရားကို ကျွန်မတို့ အားလုံး မြင်ကြရပါမယ် . . ."**

မိုးတွင်းမှာမိုးရွာတာ ဘာဆန်းလို့လဲ။ မိုးရွာရင် ထီးဆောင်းတာ ပုံမှန်ပါပဲ။ မိုးရွာတာကို ထီးဆောင်းပြီးကာပါဆိုတာက ဥပမာအနေနဲ့ တင်စားထားတာပါ။ မိုးရွာတာကို ကိုဗစ်-၁၉ ရောဂါပိုး၊ တုပ်ကွေးရောဂါပိုးအနေနဲ့မြင်ပြီး ထီးဆောင်းတာကို ကာကွယ်ဆေး(VACCINE) ထိုးတာလို့ မြင်စေလိုပါတယ်။

ပုံမှန်ကျန်းမာသူလူငယ်တစ်ဦးအတွက်ကတော့ တုပ်ကွေးရောဂါဖြစ်ပြီဆိုရင် ဖျားနာတာ၊ နှာစေးတာ၊ ချောင်းဆိုးတာ၊ အဆစ်အမျက်ကိုက်တာ လောက်ပဲဖြစ်တာပါ။ အစားအသောက်မပျက်ဘူး၊ အလုပ်အကိုင်မပျက်ဘူး။

အသက်အရွယ်ကြီးသူတွေ အသက် ၆၀ ကျော်တွေဆိုရင်တော့ အိပ်ရာထဲလဲသွားတဲ့အထိ နေထိုင်မကောင်းဖြစ်နိုင်ပါတယ်။ ဆောင်းဝင်စဆိုရင် တုပ်ကွေးကာကွယ်ဆေးထိုးဖို့ လိုပါတယ်။ အဆုတ်ပွရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးအားနည်းရောဂါ၊ ကျောက်ကပ်အားနည်းရောဂါ၊ လေဖြတ်ရောဂါရှိသူတွေဆိုရင် ပြင်းထန်တုပ်ကွေးဖြစ်တတ်ကြပါတယ်။

ဒါကြောင့် တုပ်ကွေးကာကွယ်ဆေးကို နှစ်စဉ်မှန်မှန်ထိုးသင့်ပါတယ်။ တုပ်ကွေးပိုးက အင်မတန်ဉာဏ်ကောင်းပါတယ်။ ကျွန်မတို့လူသားတွေက တုပ်ကွေးကာကွယ်ဆေးတီထွင်လိုက်တာနဲ့ တုပ်ကွေးပိုးကလည်း ဒီကာကွယ်ဆေးကို ဘယ်လိုလွတ်အောင်ရှောင်ရမလဲဆိုတာ အမြဲတမ်း ကြိုးစားပါတယ်။

ဥပမာ ဒီနှစ်မှာ တုပ်ကွေးပိုးက ကုတ်အင်္ကျီအနက်ဝတ်ဆင်ရင် ကျွန်မတို့လူသားတွေကလည်း ကုတ်အင်္ကျီအနက်ဝတ်တဲ့ တုပ်ကွေးပိုးကို ဦးတည်ပြီး ကာကွယ်ဆေးထုတ်ကြတယ်။ ဒါကို အကင်းပါးတဲ့ တုပ်ကွေးပိုးက နောက်နှစ်မှာ ကုတ်အင်္ကျီအနီရောင် ပြောင်းဝတ်လိုက်တယ်။ ဒီတော့ ကျွန်မတို့က ကာကွယ်ဆေးကို အနီရောင်ကုတ်အင်္ကျီဝတ်တဲ့ပိုးကို ရည်ရွယ်ပြီးထုတ်တယ်။ ဒါဆိုရင် နောက်တစ်နှစ်ကြာရင် သူက ကုတ်အင်္ကျီအဝါရောင်ပြောင်းဝတ်တာပေါ့။

ဒီတော့ မိုးရွာတာနဲ့ ဥပမာပေးထားတဲ့ တုပ်ကွေးပိုးက ပုံစံအမျိုးမျိုးပြောင်းနေတော့ ကာကွယ်ဆေး (VACCINE) ဆိုတဲ့ ထီးကလည်း အမြဲတမ်းလုံအောင် ဘယ်ကာနိုင်ပါ့မလဲ။

မိုးရွာထဲမှာ ထီးမဆောင်းဘူးဆိုရင် အအေးမိမှာတော့ ရာနှုန်းပြည့်သေချာပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံး ရတဲ့ထီးဆောင်းပြီး မိုးကို ကာရပါမယ်။ မိုးသဲကြီးမဲကြီးရွာရင် ဘယ်ထီးမှ မလုံပါဘူး၊ ဆိုလိုတာက တုပ်ကွေးပိုးက အားပြင်းရင် ကာကွယ်နိုင်စွမ်းအား လျော့သွားပါတယ်။ ဒီသဘောတရားကို ကျွန်မတို့အားလုံး မြင်ကြရပါမယ်။

တုပ်ကွေးပိုးလိုမျိုး အလားသဏ္ဍာန်တူတာကတော့ ကိုဗစ်-၁၉ ရောဂါပိုးဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကလည်း ကျွန်မတို့ကို ဒုက္ခပေးလာတာ ငါးနှစ်နီးနီးရှိပြီလေ။ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မပေါ်မီက ကျွန်မတို့တွေ နေမကောင်းဖြစ်ကြရတာလည်း အတုံးအရုံးပဲလေ။ ကာကွယ်ဆေးပေါ်လာတော့မှ ကိုဗစ်-၁၉ ရောဂါဖြစ်နှုန်းက အရမ်းလျော့ပါးသွားတာပါ။ ကျွန်မတို့တွေရဲ့ ကိုယ်ပိုင်ကိုယ်ခံစွမ်းအား တက်လာတာလည်း ပါတာပေါ့။

ကိုဗစ်-၁၉ ရောဂါပိုးကလည်း တုပ်ကွေးပိုးလိုပဲ မျိုးကွဲဗီဇတွေ ပြောင်းပြောင်းလာတော့ အသစ်အသစ်တွေက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နည်းမျိုးစုံနဲ့ ယှဉ်ပါးလာကြတယ်။ ကိုဗစ်-၁၉ ရောဂါပိုးသတ်ဆေးကိုလည်း ယှဉ်ပါးလာကြတယ်။ ကျွန်မတို့လူသားတွေရဲ့ ကိုဗစ်နဲ့ဆိုင်တဲ့ ကိုယ်ခံစွမ်းအားကလည်း သိပ်မဆိုးတာမို့ ကိုဗစ်-၁၉ ရောဂါ ဆိုးဆိုးဝါးဝါးဖြစ်နှုန်းက အရင်နှစ်တွေကနဲ့ယှဉ်ရင် အလွန်နည်းပါးတယ်လို့ ပြောလို့ရပါတယ်။ အိမ်နီးချင်းနိုင်ငံတွေမှာတော့ အခုဖြစ်နေတဲ့ ကိုဗစ်-၁၉ ရောဂါရဲ့ အဖိတ်အစဉ်နှုန်း အနည်းငယ်ရှိကြောင်း သတင်းမှာ ဖော်ပြထားပါတယ်။

အနှစ်ချုပ်ရရင် မိုးရာသီနဲ့ မိုးရွာတာက အမြဲရှိနေမှာပါ။ တုပ်ကွေးရောဂါလိုမျိုး၊ ကိုဗစ်-၁၉ရောဂါလိုမျိုးကလည်း အမြဲရှိနေမှာပါ။ ကျွန်မတို့အဘိုးအဘွားလက်ထက်ကတည်းကရှိနေတဲ့ တုပ်ကွေးရောဂါကလည်း အခုချိန်အထိ လူသားတွေနဲ့ နှလုံးရည်ပြိုင်ဆိုင်ပြီး လူသားတွေကို ဒုက္ခပေးနေဆဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ ရောဂါကလည်း ဒီသဘောတရားပဲဆောင်ပါတယ်။ ဒါကြောင့် ကျွန်မတို့အားလုံးကာကွယ်ဆေးပုံမှန်ထိုးရင်း ရောဂါကို ခုခံကာကွယ်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## ပန်းတနော်မြို့နယ်၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲ ကျင်းပ

ပန်းတနော် ဇွန် ၂၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဦးစီးဌာနမှူးရုံး၌ အခွန်ဆိုင်ရာပညာပေးရှင်းလင်းပွဲကို ဇွန်လ ၂၆ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းဝင်းက ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စားသောက်ဆိုင်လုပ်ငန်းများ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းများ၊ ရွှေနှင့်လက်ဝတ်ရတနာများ ရောင်းချခြင်းလုပ်ငန်းများ၊လက်ကိုင်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ/ဝန်ဆောင်မှုဆောင်ရွက်ခြင်းအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးသိန်းဝင်းက ပြန်လည်ဖြေကြားပေးသည်။

အဆိုပါအခမ်းအနားသို့ ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း၊ မြို့နယ်အခွန်ဦးစီးဌာနရုံးမှ ဝန်ထမ်းများနှင့် အခွန်ထမ်းလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ကြပြီး အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာသိကောင်းစရာ လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

## မိုင်းကိုင်မြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမအကြိမ်ထုတ်ချေး

မိုင်းကိုင် ဇွန် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကုန်းဆာကျေးရွာ၊ ကုန်းလုံးကျေးရွာနှင့် ရွာတော်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးလုပ်ငန်းများလုပ်ကိုင်ရန် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ နဝမအကြိမ်ထုတ်ချေးခြင်းကို ဇွန်လ ၂၅ ရက်က ဆင်မြောက်ကျေးရွာအုပ်စု ကုန်းဆာကျေးရွာ၌ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လှိုင်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ကျေးရွာသုံးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကုန်းဆာကျေးရွာ၊ ကုန်းလုံးကျေးရွာနှင့် ရွာတော်ကျေးရွာတို့၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦးအတွက် ငွေကျပ် ၄၇ ဒသမ ၁၅ သန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦးအတွက် ငွေကျပ် ၁ ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၄၈ ဒသမ ၂၅ သန်းကို အတိုးနှုန်းသက်သာစွာထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကာရံ(ကျေးလက်)**

## မူးယစ်ဆေးဝါးအန္တရာယ်လျှော့ချရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေးဟောပြော

ရန်ကုန် ဇွန် ၂၆

